# သခင့်စကား
The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

-- ငါ့စကားသည် ဆက်ဆက် တည်လိမ့်မည်ဟု -- ထာဝရဘုရား မိန့်တော်မူ၏။ ယေရမိ ၄၄း၂၈-၃၀

အမှတ်စဉ် (၁၁၆) ဧပြီလ ၂၀၁၁ ခုနှစ် ခမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## ဟောပါဦး၊ ပြောပါဦး: Samuel Soe Lwin

မင်းဟောဘူးတယ်၊ အကျင့်တရားထက် မေတ္တာ ဘုရားက သာ၍ ကောင်းတယ်လို့၊
မင်းသတိပေးဘူးတယ်၊ ယဇ်ပူဇော်ခြင်းထက် နာခံခြင်းကသာ၍ ကောင်းတယ်လို့၊
မင်းပြောဘူးတယ်၊ အသိတရားထက် အရှိတရားက သာ၍ ကောင်းတယ်လို့၊
အခု ငါ့မှာ – အကျင့်ထက် မေတ္တာဘုရားကို ဖက်ခဲ့ပြီ။
ယဇ်ပူဇော်ခြင်းထက် နာခံခြင်းကိုနှစ်သက်ခဲ့ပြီ။
အသိတရားထက် အရှိတရားကို မက်ခဲ့ချိန်မှာ – အပြောအဟောနှင့် မညီ၊
အညီအနှောက် တွေနှင့် မင်းကြောင့် ငါ– ဘာဆက်လုပ်ရတော့မှာလည်း သူငယ်ချင်း။။
ဟောလှည့်ပါဦး။ ပြောပါဦးနော် ။



---

## ရွေးချယ်မှု မလေး(ဂျူလိုင်)



တောင်တွေက ပြို၊ ရေတွေက ကြီး။ လှုပ်တဲ့ မြေကြီး။ လှိုင်းက ထန်ဆဲ
တိုက်ပွဲ ပြင်းထန်၊ အကြမ်းဖက်ဆဲ။ ဒုစရိုက်ကို၊ သုခ ထင်ဆဲ
အရပ်ရပ် ကွဲပြား၊ ကယ်သူ မရှိ။ ရိုင်းသော သဘော၊ မုသား ပြောကြ
ရက်စက်ကြမ်းကြုတ်၊ ဒေါသစိတ်နှင့် သစ္စာလည်းပျက်၊ ကျိန်ခြင်း ပြုလျှက်
ဒုက္ခကမ္ဘာ၊ မီးခိုးဖြစ်လျှက် ကွယ်ပျောက်ရင်လည်း -
အနန္တတန်ခိုး၊ ငြိမ်သက်ခြင်း အရှင်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ
အစဉ်ရှိ၍၊ သေခြင်းမာန်ကို အောင်မြင်သောသူ -
ယေရှုအရှင်၊ ကယ်တင်ရှင်အား။ ယုံကြည်လက်ခံ သက်ရှင်သူများ
မရဏာငရဲ၊ ကင်းလွတ်ချမ်းသာ၊ နိဗ္ဗာန်ရွှေပြည်၊ ချမ်းသာ ဆီသို့
မင်္ဂလာရှိစွာ၊ ချီးမြှောက်မူမည်။ လာကြချီးမွမ်းကိုးကွယ်ပါ။



---

## ငါ့စကားသည် နှင်းကဲ့သို့ ဖြည်းညှင်းစွာ သက်ရောက်လိမ့်မည်

တရားဟော ၃၂း၂ ``ကမ္ဘာဦးကျမ်း´´ ဆိုတဲ့အဓိပ္ပါယ်ကို ဖွင့်ဆိုလိုက်တဲ့အခါ ``အရာခပ်သိမ်းတို့၏ မူလအစ,´´ လို့ ဖေါ်ပြတာတဲ့။ ကျမ်းစာပါ အဖြစ်အပျက် ... ချင့်တွက် ကြည့်တော့ ``ဖန်ဆင်းခြင်း၊ လူသား၊ ထိမ်းမြားခြင်း၊ အပြစ်တရား၊ စီရင်တော်မူခြင်း၊ အပြစ်လွှတ်ခြင်း၊ အတတ်ပညာ၊ လက်မှုပညာ၊ ပဋိညာဉ်၏ သဘောတရား၊ လူမျိုးတော်၊ ကယ်တင်ခြင်းနဲ့ ဆိုင်တဲ့သတင်းကောင်း၊´´အကြောင်းပေါင်း များစွာရဲ့ အစ, အဦးတွေ ပါဘဲ။ လူသားမျိုးနွယ်အစ အာဒံနှင့်ဧဝ ဘုရားစကားနားမထောင် အပြစ်ဘောင်ထဲနွံနစ် ကျွန်ဖြစ်ခဲ့ရပါလေရော၊ အဲဒီအချိန်က စလို့ ညီ `အာဗေလ´ ကိုသတ်၊ `ကာဣန´ ရဲ့ဇာတ်။ မာနတွေ ဖုံးလွှမ်း ကမ်းကုန်အောင် ကြမ်းတမ်း ပြီး လက်စားချေဖို့ပဲသိတဲ့ `လာမက်´ ရဲ့မိုက်မဲချက်။ လူတွေရဲ့ ဆိုးညစ်မှုတိုးပွားဖြစ်သွားစေတဲ့ ရေလွှမ်းမိုးခြင်း။ ဘုရားကိုတော်လှန် အာခံမယ်ဆိုတဲ့ အကြံနဲ့ ဗာဗုလုန်ရဲတိုက်ကို ဆောက်။ စကော လောက်မှ စောက် မနက်တဲ့ သူတွေ။ `သောဒုံ၊ ဂေါမောရ´ ပြောမပြနိုင်လောက်အောင် ညစ်ညမ်း အချစ်သရမ်း ကြပုံတွေ။ အစုံ။ အစုံပါပဲ။ အာဒံနှင့် ဧဝက `မစားရ´ လို့ ပညတ်ထားတဲ့ အသီးကို စားတယ်။ နောဧက သေရည်သောက်ကြူး ရူးမူးခဲ့တယ်။ အာဗြဟံ နှင့် ဣဇက်က ယုံကြည် ကိုးစားခြင်း တရားပျက်ပြားခဲ့တယ်။ ယာကုပ်က မိသားစုအပေါ် မောက်မာထောင်လွှား မာနတရားတွေပြည့်ခဲ့တယ်။ သူ့အစ်ကိုတွေက သူ့ကိုဗိုလ်ကျ အနိုင်ရဖို့ မတရားညှင်းပန်း ကြမ်းတမ်းစွာ ပြုခဲ့တယ်။ ဒီအပြစ်ကြွေး ပေးဆပ်ရမှာတော့ ကျောချမ်းစရာ အဖြစ် စီရင်ခြင်းတရားစစ်က မှတ်တမ်းဝင် ဖြစ်သွားခဲ့ခြင်းပါပဲ။ ဒေဝဉယျာဉ်ထဲ ကျိန်ခြင်း အမင်္ဂလာကျရောက်စေခဲ့တာရယ်။ ကြီးသောမိုးရွာ ရေလွှမ်းစေခဲ့တာရယ်။ ဗာဗုလုန် ရဲတိုက်အတွင်း မြေကြီးသားအချင်းချင်း စကားအရာရှုပ်ထွေးကွဲပြားသွားစေခဲ့တာ ရယ်။ မြေပြန့်လွင်ပြင်ရှိ မြို့များ ပြိုပျက်သွားစေတာရယ်။ ကျမ်းစာက ဖေါ်ပြ ဒီစီရင်ခြင်းတွေမြင်ရတော့ ယုံကြည်သူတိုင်းရဲ့ စိတ်ထဲ။ ငါလည်း ပြစ်သား ဖြစ်ထားပြီးသားဆိုတာ သိ။ နောင်တရချိန် တန်ပြီပေါ့။ အပြစ်ရဲ့ အဖိုးအခ သေခြင်းကလွဲပြီး မဖြစ်နိုင်ပေမယ့် သခင်ယေရှုခရစ်တော်ကိုသာ အရှင်သခင် အရာမှာထား နှလုံးသားထဲလက်ခံသွားမယ်ဆိုလို့ကတော့ ဘုရားရဲ့ ကတိစကား သစ္စာတရားက **မင်းကို စွန့်မသွားပါဘူးတဲ့။**

မလွမ်းသူ (ပဲခူး)

## သခင်ပါရင် (သို့) မပါရင်။ ( မင်းအောင်သက်လွင်)

သခင် မပါရင် ငါဟာ သဲသောင်ပေါ် ငိုင် နေရသလိုပါ။
သခင် ပါရင် ငါဟာ ရွှေတောင်ပေါ် ထိုင် နေရသလိုပါ။
သခင် မပါရင် ငါဟာ တီကောင်လို မြေပြင်ထဲ ပုန်းလျှိုး နေတဲ့သူပါ။
သခင် ပါရင် ငါဟာ လင်းယုန်လို ဝေဟင်ထဲ လွှမ်းမိုး နေတဲ့သူပါ။
သခင် မပါရင် ငါဟာ လမ်းပေါ်မှာ ယိုင်မှားတဲ့ သူပါ။
သခင် ပါရင် ငါဟာ နန်းတော်မှာ ထိုင်နားတဲ့ သူပါ။
သခင် မပါရင် ငါဟာ လေကို ဆုပ်ကိုင်သလို အရာ မထင်ပါ။
သခင် ပါရင် ငါဟာ ရွှေကို ချုပ်ကိုင်သလို အရာရာ ပီပြင်လာ။
သခင် မပါရင် ငါဟာ အထီးကျန် ၊ သခင် ပါရင် ငါဟာ ခရီးမှန်
သခင် မပါရင် ငါဟာ အကျည်းတန် ၊ သခင် ပါရင် ငါဟာ နည်းမှန်
သခင် မပါရင် ငါလျှောက်တဲ့လမ်းဟာ နေပူ
သခင် မပါရင် ငါလုပ်သမျှ အလုပ်မှာ အမေဆူ
သခင် မပါရင် ငါ့ဘဝတစ်ခုလုံးဟာ သေလူ
သခင် မပါရင် ငါ့ဘဝတစ်ခုလုံးဟာ အရေထူ
သခင် ပါရင် လမ်းတစ်လျှောက်လုံး စိမ်းလန်း
သခင် ပါရင် ဘဝ တစ်ခုလုံး ငြိမ်းချမ်း
ဒါ့ကြောင့် ငါ့ဘဝမှာ - သခင် ပါရင် နဲ့ မပါရင်
အရာထင်တာနဲ့ မထင်တာကို ကမ္ဘာတခွင် ငါသိမြင်လာခဲ့ပြီ။



---

## မမေ့လျော့နှင့်။ စလန်းဆန်

မနစ်က မင်္ဂလာဈေး မီးလောင်လို့ ဈေး တစ်ဈေးလုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ခဲ့ရတယ်။ ဘာကြောင့် ဒီလို မီးလောင်ရတာလဲဆိုတော့ မီးပိတ်ဖို့ မေ့သွားလို့ Hot Plate မှ မီးလောင် တယ်လို့ လူအများက ပြောကြတယ်။ စာရေးသူရဲ့ အိမ်မှာလဲ ဒါကို ခဏခဏ နိုးဆော်နေရတယ်။ မိသားစု အားလုံး အိမ်အပြင်ကို ထွက်တဲ့အခါ မိန်းချ ဖို့ မီးသတိထားဖို့ ပြောနေရတယ်။ မီးလောင်ရင် ဆုံးရှုံးမှုဟာ ကိုယ်တစ်ဦးတည်း ဖြစ်ရုံမက ပတ်ဝန်းကျင်မှာလဲ ထိခိုက် ဆုံးရှုံးရတယ်။ ဒါတင်မက တရားဥပဒေပြစ်မှုကိုလည်း ခံရမှာ ဖြစ်တယ်။ ၁၀-တန်း စာမေးပွဲမှာ ဖတ်ထားတဲ့စာ မေ့သွားလို့ ၁၀-တန်းမှာဘဲ ကျရှုံးကျန်ရစ်ခဲ့ လူလည်း အများကြီး မဟုတ်ပေဘူးလား။ ဒါက လောကမှာ မေ့လျော့လို့ ဆုံးရှုံးရခြင်းသာ ဖြစ်တယ်။

<u>ဘုရားစကား မမေ့သင့်</u> ။ **သုတ္တံ ၃း၁** ငါ့သား ငါပေးသော တရားကို မမေ့နှင့်။ ဘုရားရဲ့ စကားကို မေ့ရင် ဆုံးရှုံးစရာ အများကြီးရှိတယ်။ အာဒံက ဘုရား ရဲ့စကားကို မေ့လို့ တလောက လုံး ဆုံးရှုံးခဲ့ရတယ် မဟုတ်လား။

**ကမ္ဘာ ၃၉း၁၀** သို့ဖြစ်လျှင် အပြစ်ကြီးသော ထိုအမှုကို ကျွန်တော်ပြု၍ ဘုရား သခင်ကို အဘယ်သို့ ပြစ်မှားနိုင်သနည်း။ ထိုသို့ သခင်မ သည် နေ့တိုင်း သွေးဆောင် သော်လည်း ယောသပ်သည် နားမထောင်။ ယောသပ်က ဘုရားစကားကို မမေ့လို့ အဲဂုတ္တုပြည်ရဲ့ ဒုတိယ ဘုရင် ဖြစ်ခဲ့ ရတာ၊ ဘုရားကို သူမေ့ပြီး သွေးဆောင်မှုနောက်ကို သွားရင် ဒုတိယ ဘုရင် တော့ ဖြစ်မှာ မဟုတ်ဘူး။ ဒုတိယ လင် တော့ ဖြစ်မှာသေချာတယ်။ သခင်ယေရှု သွေးဆောင် ခံရစဉ် ကျမ်းစာ လာသည်ကားဆိုတာ သူ မမေ့သွားဘူး။ ဒါကြောင့် အပြစ် သွေးဆောင် မှုနောက် ပါမသွားဘူး။

<u>**ကျေးဇူးတော်အပေါင်းမမေ့သင့်။**</u>

**ဆာလံ ၁၀၃း၂** ကျေးဇူးတော်အပေါင်းကို မမေ့ မလျော့နှင့်။ မေ့ရင် လျော့တတ်တယ်။ ကိုယ့်ရဲ့ ကောင်းချီးမင်္ဂလာတွေက ယိုပေါက် ဖြစ် တတ်တယ်။ ဘုရား သခင်က သင့်ရဲ့ ကျန်းမာခြင်းအရှင် ဖြစ်လျက်နဲ့ ဆရာဝန် ဆေးရုံ ဆေးခန်းမှာ ပိုက်ဆံကို မကုန်သင့်ဘဲ ကုန်ရတာတွေလည်း မနည်း၊ ဆရာဝန်၊ ဆေးရုံ ဆေးခန်း ဆေးမလိုဘူးလို့တော့ မပြောချင်ဘူး။ ဒီအရာ တွေထက် ဘုရား ပြောတဲ့ စကားကို မမေ့ဘဲ အပေါင်းလက္ခဏာနဲ့ မြွက်ဆိုပါ။ သင့်နှုတ်က သင့်ကို အကျိုး ဖြစ်စေချင်တဲ့ ငါ နေမကောင်းဘူး၊ ငါ အဆင်မပြေဘူး၊ ငါ စိတ်ညစ်တယ်၊ ငါ အလုပ် အဆင်မပြေဘူး၊ ဟိုလူနဲ့ အဆင် မပြေဘူး၊ ဒီလူနဲ့ အဆင် မပြေဘူး၊ နောက်ဆုံး ငါဒီလောကကြီးမှာတောင် မနေချင် တော့ဘူး၊ ဘုရား




(၁) တိမ်ဖုံးနေသောကြယ်ပွင့်များ (စင်ကာပူတွင်ရိုက်ကူးသည့် ဒီဗီဒီ မြန်မာခရစ်ယာန်ဘဝ သရုပ်ဖော် ရုပ်ရှင်ဇာတ်လမ်း) ((ဝတ္ထု။ ဒါရိုက်တာ - မင်းအောင်သက်လွင်)
(၂) နေမဝင်နိုင်ငံသို့သွားရာလမ်း (မီနီမဂ္ဂဇင်း) ((မင်းအောင်သက်လွင် ရေးသားထုတ်ဝေသည်))
((မြန်မာပြည်ကျမ်းစာအသင်း စာအုပ်ဆိုင် ၂၆၂ ဆူးလေဘုရားလမ်း ရန်ကုန် နှင့် Judson Baptist Church Singapore တွင် ဝယ်ယူနိုင်ပါသည်))

ပို့ဆောင်ပေးနေတဲ့ နေ့ရက်ကာလတွေကို မေ့ပြီး ငြီးငြူ နေရတယ်။ နောက်ဆုံး ကိုယ့်ကို ကိုယ် သေကြောင်းတောင် ကြံစည်မိတဲ့ အဖြစ် အပျက်တွေလည်း ရှိနေတယ်။

**ကောလောသဲ ၃း၁၇** ကျေးဇူးတော်ကြီးလှပါသည်ဟု ထိုသခင်ကို အမှီပြု၍ ခမည်း တော် ဘုရားသခင်ရှေ့၌ ဝန်ခံကြလော့။

**သုတ္တံ ၁၈း၂၀** လူသည် မိမိနှုတ်၏ အသီးနှင့် ဝမ်းပြည့်ရ၏။ မိမိ နှုတ်ခမ်းတို့၏ စီးပွါးနှင့် ဝရ၏။ အနှုတ်လက္ခဏာ အတိုင်းပြောရင် အနှုတ်လက္ခဏာအတိုင်း ဖြစ်တယ်။ အပေါင်း လက္ခဏာ အတိုင်းပြောရင် အပေါင်းလက္ခဏာအတိုင်း ကိုယ့်ရဲ့ အသက်တာ ဖြစ်တယ်။ ဒါကြောင့် အခြေအနေ ကောင်းကောင်း၊ မကောင်းကောင်း အရာရာ ၌ ကျေးဇူး တော်ကိုဘဲ ချီးမွမ်းပါလို့ နှုတ်ကပတ်တော်က ပြောတယ်။

<u>**မောနေ့လဘုရား**</u>

**တရားဟောရာ ၈း၁၁** သင်၏ဘုရားသခင်ထာဝရဘုရားကို မေ့လျော့သော အပြစ်ကို သတိနှင့် ရှောင်လော့။ ကျွန်ုပ်တို့နှင့်အတူ အစဉ်မပြတ်ရှိနေတဲ့ ဘုရားသည် လောကမှာ တွေ့ကြုံ ရင်ဆိုင်ရမယ့် အကောင်းအဆိုးအားလုံးကို စီရင်ပြုပြင်ပေးနိုင်သောဘုရား ဖြစ် ကြောင်း မမေ့သင့်။ သာယာသော မြစ်နားမှာ ပို့ဆောင် ပေးနေတာလည်း သူဘဲ၊ သေမင်း အရိပ်မှာလည်း အတူရှိနေပေးမယ်ဆိုတာကို ဂတိတော်ပေးနေတာလည်း သူဘဲ၊

**မသဲ ၂၈း၂၀** ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည့်တိုင်အောင် သင်တို့နှင့် အစဉ် မပြတ် ရှိသည်ဟု ဂတိပေးထားပါတယ်။ ဒံယေလက ဘုရား သူနဲ့အတူ ရှိနေကြောင်းသိလို့ မမေ့လို့ ခြင်္သေ့ တွင်းထဲကို ပစ်ချခံရဲတယ်၊ ရှဒရက်၊ မေရှက်၊ အဗေဒနေဂော သုံးဦး မီးပုံထဲကို ပစ်ချ ခံရဲတယ်။ ဒါပုံပြင် မဟုတ်ဘူး တကယ့်အဖြစ်အပျက် ဖြစ်တယ်။

**ဟေရှာ ၄၃း၂** သင်သည် ရေကို လျှောက်သွားသောအခါ သင်နှင့်အတူ ငါရှိ၏။ မြစ်တို့ကို လျှောက်သွား သောအခါ မနစ်မမွန်းရ၊ မီးကို ချင်းသောအခါလည်း မလောင် ရ၊ မီးလျှံ လည်း မညီရ။ ရေဆိုတဲ့ နစ်မွန်းတတ်တဲ့ အပြစ်ဒုစရိုက်၊ မီးဆိုတဲ့ လောင်မြိုက်နိုင်တဲ့ လောက ဒဏ်တွေ၊ ဒုက္ခဆင်းရဲခြင်းတွေထဲမှာ အတူရှိနေတဲ့ ဘုရားဖြစ်ကြောင်းကို မမေ့ သင့်။

**ယော ၁၆း၃၃** သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော် လည်း မစိုးရိမ် ကြနှင့်။ ငါသည် လောကကိုအောင်ပြီ။ ဣသရေလ လူမျိုးတွေကို ကျွန်ခံရာ အဲဂုတ္တု ပြည်ကနေ ဂတိတော်ထားရာ နို့နဲ့ ပျားရည်စီးတဲ့ ခါနန်ပြည်ကို အရောက် ပို့ပေးမယ် ဆိုတဲ့ ဂတိပေးတဲ့ ဘုရားကို အလျင်အမြန် မေ့လျော့သောကြောင့် အကြံအစည် ဆိုတဲ့ ဘုရားရဲ့ အလိုတော်အတိုင်း အသက် မရှင်ချင်ကြဘူး၊ ဘုရားပြုတဲ့ ကျေးဇူးကို မချီးမွမ်း၊ ဒုက္ခ တွေ့တော့ ညီးတွား၊ ပြင်ဆင် ပေးတာကို လက်မခံ၊ အဲဂုတ္တုပြည်ရှိ အမဲသား၊ အသီး အနံ့ တွေကိုဘဲ တမ်းတ လွမ်းဆွေး နေကြတယ်။ ယနေ့ ကျွန်ုပ်တို့ ယုံကြည်သူများ လည်း ဣသရေ လ လူမျိုးများ ကဲ့သို့ပင် ဘုရားရဲ့ အကြံအစည်တော်အတိုင်း အသက်မရှင် ကိုယ်သဘော အတိုင်း အသက် ရှင် နေသောကြောင့် ဘုရားလုပ်ပေး နေတာကို လက် မခံနိုင် ဘူး၊ ဆုတောင်းရင်လည်း ကိုယ် လိုချင်တာကိုဘဲတောင်း ဘုရားက မပေးနိုင်တာ မဟုတ် ဘူး။

**ဆာလံ ၁၀၆း၁၅** သူတို့ တောင်းသောဆုကို ပေးတော်မူ၏။ သို့သော်လည်း သူတို့ ၌ ပိန်ကြုံ့ ခြင်းကို သွင်းပေးတော်မူ၏။ တောင်းတော့ ကောင်းချီးတော့ ရနေတာဘဲ၊ ဒါပေမယ့် အဲဒီ ကောင်းချီးက ကိုယ် မခံစားရဘူး၊ သူများကို ပေးလိုက်ရတယ်။ ခဏနေ ရောက်လာပြီး မကြာခင် ပြန်ထွက် သွားလိုက်၊ ငွေကြေးတော့ ရနေတယ်။ ဒါပေမယ့် အဲဒီငွေကြေးကြောင့် သား သမီးတွေ ဘိန်းစား၊ အရက်သမား၊ မကောင်းတဲ့နေရာမှာ သုံးဖြုန်းလို့ အောင်မြင်ခြင်း အသက်တာ မရနိုင်ဘဲ ပိန်ကြုံခြင်းနဲ့သာ တဝဲလည်လည် ဖြစ်နေရတယ်။

မိတ်ဆွေ ကိုယ်လိုချင်တာထက် ဘုရား ဖြစ်စေချင်တာ ဖြစ်နိုင်ပါစေ။

<u>**ဘုရားစကားကို မမေ့နဲ့**</u> ဆာလံ၁း၂ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညမပြတ် ဆင်ခြင် အောက်မေ့သောသူသည် မင်္ဂလာရှိ၏။

<u>**ကျေးဇူးတော်အပေါင်း မမေ့လျော့နှင့်**</u> ဖိလိပ္ပိ ၄း၆ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ ၌ ကျေးဇူးတော် ချီးမွမ်းကြလော့။

<u>**အတူရှိကြောင်း မမေ့လျော့နှင့်**</u> မသဲ ၁း၂၃ ဧမာနွေလအနက်ကား ငါတို့နှင့်အတူ ရှိတော်မူ သော ဘုရားသခင်ဟု ဆိုလိုသတည်း ။ မမေ့လျော့သင့်သော အရာများကို သတိပေးလျှက်-

ခရစ်တော်၏ မဟာမေတ္တာတော်ဖြင့် - စလန်းဆန်

---

## “တမ်းတမိတယ် ဇာတိမြေ” F.penny (mizo) တမူး

လှပမှုပေါင်း မြောက်များစွာနဲ့ ဖွဲ့စည်းထားသည့် စင်္ကာပူနိုင်ငံ မြို့ပြကြီး မှာ နေရပေမယ့် တမ်းတလွမ်းမော နေမိတယ်။ ဒို့ရဲ့ မွေးရပ်ဇာတိအမိနိုင်ငံ မြန်မာပြည်မှ တမူး မြို့ငယ်လေးကိုပေါ့။ ခေတ်မှီတိုးတက် အဆင့်မြင့်လှတဲ့ အဆောင်အယောင်၊ မြင့်မား ခိုင်ခံ့လှတဲ့ အိမ်ဆောင်ရာကြီးတွေနဲ့လှပ သန့် ရှင်းတဲ့ စင်္ကာပူနိုင်ငံ၊ အချိန် မရွေး နေ့ည မပြတ်ရှိလေတဲ့ လျှပ်စစ်မီးများ၊ လွယ်လင့်တကူ နှိပ်လိုက်ရုံနဲ့ ထွက်လာ ခဲ့ပေါ့ ရေကြည် လေးတွေ၊ ဘယ်နေရာကိုပဲ ကြည့်ကြည့် မျက်လုံးအိမ်မှာ အေးမြလှတဲ့ စင်္ကာပူနိုင်ငံ။ သွားရေး၊ လာရေး၊ လိုရာခရီး လွယ်ကူစွာနဲ့ ဖွံ့ဖြိုးတိုးတက်လှတဲ့ စင်္ကာပူ နိုင်ငံ။ စားရေး သောက်ရေး အလွယ်တကူ စင်္ကာပူဒေါ်လာငွေ လေးကျပ်နှင့် ဝမ်း တစ်ထွာ ထမင်းတစ်နပ် ဝယ်ယူစားသုံးလို့ရတယ်လေ။ သူ့နိုင်ငံ၊ သူ့အထါ၊ သူ့ဓလေ့ စရိုက်နှင့် ညီမျှလေရဲ့ စင်္ကာပူ။ ကားသွား၊ ကားလာ၊ လမ်းမကြီးပေါ်မှာ ဖုတ်တစက်မှ မရှိလေပဲ လှပ သန့်ရှင်းလျက်ပေါ့။ သို့ပေမယ့် ဒီလိုခမ်းနားလှတဲ့ စင်္ကာပူနိုင်ငံ မြို့ပြကြီးမှာ နေရပေမယ့် ဇာတိမြေရဲ့ အရိုးခံစိတ်ဓါတ်၊ စည်းလုံးညီညွတ် ရိုင်းပင်း ကူညီ၊ ဖေးမ ကြင်နာ၊ ပျော်ရွှင်ကြည်နူး အေးချမ်းမှုလေးတွေကို တမ်းတနေမိတယ်။ ခနိမိုးလေးနှင့် ဂါးထရံကာ၊ ဒို့ရဲ့အိမ်ယာလေး၊ ဖယောင်းတိုင်မီး၊ ဆီမီးခွက်နှင့် ဖြတ်သန်းခဲ့ပေါ့ တညတာ အချိန်။ သွားရေး၊ လာရေး လိုရာစိတ်ချ ကိုယ့်ခြေထောက် ကိုယ်သုံး၊ စားရေး၊ သောက်ရေး ဒေါ်လာငွေ မလို၊ မီးခိုးတလူလူ၊ ထမင်းရယ်ပူ၊ ရေကျို ငပိလေးနှင့် တို့စရာ၊ ဟင်းရည်တခွက်၊ အမေ့ရဲ့ လက်ရာ အရာသာရှိလှ၊ ဘာနှင့်မှ နှိုင်းယှဉ်လို့ မရ၊ စားလို့ကောင်းမှ ကောင်းပေါ့။ ဖုန် ကို အလူးလူးနဲ့ ရွာရဲ့လမ်းမကြီးပေါ်မှာ ပြေးလွှား ဆော့ကစားကြရင်း၊ အပူအပင်မဲ့စွာ နေ ပျော်ရွှင်စရာ ဒို့ရဲ့ မွေးရပ်ဇာတိမြေ။ မိုးဦးရာသီ ရောက်ရှိလာတော့ တောင်သူ လယ်သမား ဦးကြီးများ ထွန်ယက် စိုက်ပျိုး လယ်၊ ယာခင်းများ၊ ဒို့တတွေလဲ သူငယ်ချင်း များနှင့် ငါးကောက်၊ ခရုကောက်၊ ပုဇွန်လုံး တွင်းများ နှိုက်ကြရင်း၊ မိုးလေးတဖွဲဖွဲ ခမောက် လေးဆောင်း လို့ကာရယ် ပျော်ရွှင်စရာ ဒို့ရဲ့ ဇာတိမြေကို တမ်းတသတိရနေမိတယ်။ ဆောင်းဦး ဟေမာန် ရောက်လာပြန်တော့ ရိတ်သိမ်းကြပေါ့ ဆန်ရယ် စပါး။ ဒို့တတွေလဲ သူငယ်ချင်း များနှင့် ကောက်ရိုးပုံ ပေါ် ပြေးလွှား ဆော့ကစားရင်း၊ မြူနှင်းများနှင့် အေးချမ်း လှတဲ့ ဆောင်းရာသီ၊ တမ်းတ သတိရမိတယ် ဇာတိမြေ၊ နွေဦးရာသီ ရောက်ရှိလာတော့ တောင်လေရူးလေးတွေ တိုက်ခတ်ပြီး လွမ်းဆွေးဖွယ်ရာ ပင်မြင့်ထက်မှ ရွက်ဝါ ဟောင်းလေးတွေ မြေမှာ ခ လို့ရယ်၊ ဥသြငှက်ငယ်၊ သွန်သံချိုချို တမ်းတလွမ်းမော နေမိ တယ် ဇာတိမြေ။ သာယာ လှပတဲ့ ညနေဆည်းဆာ အချိန်မှာ ဒို့တတွေလဲ သူငယ်ချင်း များနှင့် ဆည်းဆာရဲ့ အလှကို ခံစားကြရင်း ဆော့ကစားခဲ့ကြတယ်လေ။ အပူအပင်မရှိ သိပ် ပျော်ရွှင်စရာ ကောင်းတဲ့ ဇာတိမြေကို လွမ်းမောရတဲ့နေ့ရက် ကြာရှည်ခဲ့ပြီပေါ့။ တမ်းတ မိတယ် ဇာတိမြေ။ လွမ်းဆွေး သတိရနေမိတယ်။ ငယ်ပေါင်းဖော် သူငယ်ချင်းတို့ ရယ်။ “ဩော်.. တမ်းတမိတယ် ဒို့ရဲ့ မွေးရပ်ဇာတိမြေ”။ ။ ကျေးဇူးတော်မြတ်၌ F.penny

---

## သင်၏အသက်တာကိုဘုရားသခင်အားဆက်ကပ်ပါ။ (Mary ဗျာပုံ)

Let’s “Gift” your life to the “God”. ဖတ်ရန်ကျမ်း(ရှင်ယာကုပ် ၄း၁-၁၀)

နိဒါန်းအနေဖြင့် မိမိ၏ အသက်တာကို ဘုရားသခင်အား ဆက်ကပ်နိုင်ဖို့ ကျွန်ုပ်တို့၏ အထဲ၌ အသက်ရှင်စေသော “ဝိညာဉ်” ကို ဘုရားရှင် အတွက်သာ ဖြစ်စေလို ကြောင်း ပဏာမ ရေးလိုပါတယ်။ ကျွန်ုပ်တို့ကို တမန်တော်ရှင်ယာကုပ်က အသက်တာကို ဘုရားသခင် အား ဆက်ကပ်ဘို့ ဘယ်လိုသွန်သင်ထားပါသလဲ။ သင်၏ တိုက်ခိုက်ခြင်းနဲ့ ငြင်းခုံခြင်း သည် သင့် အထဲ၌ တိုက်ပွဲဖြစ်စေသော “အတ္တဆန်” လိုသည့် စိတ်သဘောမှ လာပါသည်။ သင် အလိုရှိတဲ့အရာကို သင်မရဘူး။ ဒါကြောင့် သင်ဟာ သူတစ်ပါး အသက်ကို သတ်ခြင်း၊ လောဘဒေါသများနဲ့ အလိုမပြည့်ကြခြင်း ဖြစ်ပါတယ်။ ဆုတောင်း သော်လည်း မရနိုင်ပါ။ မှားယွင်းစွာ တောင်းနေသောကြောင့် ဖြစ်ပါတယ်။ လောကကို ချစ်နေသေးတဲ့ သူဟာ ဘုရားသခင်ကို မုန်းသကဲ့သို့ဖြစ်ပြီး လောက၏ အစိတ် အပိုင်းများ ဖြစ်နေသေးလျှင် ဘုရားသခင်အား ရန်ဖက်ပြုခြင်း ဖြစ်ပါတယ်။ နှုတ် ကပတ်တော်ကို အချီးနီး မထင်ဘို့ ကျွန်ုပ်တို့အထဲမှာ အသက်ရှင်ဘို့ ဘုရားရှင် ပေးသော ကျေးဇူးတော် (ကြင်နာခြင်း) သည်သာ၍ ကြီးမြတ်သည်။ နှုတ်ကပတ် တော် ဖေါ်ပြသကဲ့သို့ ဘုရားသခင် သည် မာနကြီးသောသူတို့၏ မာနကို ချိုးနှိမ်တော်မူ၏။ သို့သော် နှိမ့်ချသောသူတို့အား ကျေးဇူးတော် (ကြင်နာခြင်း) ကိုခံစားစေတော်မူ၏။ သင်၏ ခန္ဓာကိုယ်ကို ဆက်သဘို့၊ မာရ်နတ်ကို ဆန့်ကျင်ဘို့၊ ဒါမှ ဘုရားသခင် သင့်အနီးမှာ ရှိမည်။ ကျွန်ုပ်တို့ဟာ အပြစ်သား ဖြစ်သည်။ ထို့ကြောင့် သင်၏ အသက်တာ ထဲမှ ရှင်းပစ်ဘို့ သင်ဟာ ဘုရားသခင်၏ အလိုသို့၎င်း လောက၏ အလိုသို့၎င်း လိုက်လိုသော စိတ်ရှိနေသေးသည်။ သင်၏ စိတ်သဘောကို စင်ကြယ် စေဘို့ ဝမ်းနည်း ကြေကွဲခြင်း၊ ပူဆွေးတမ်းတခြင်း၊ သောက ဝေဒနာနှင့် ငိုကြွေး မြည်တမ်းခြင်းကို ဝမ်းမြောက် ပျော်ရွှင်ခြင်းသို့ ပြောင်းလဲ ပစ်ပါ။ ဘုရားသခင်၏ ရှေ့မှာ မိမိကိုယ်ကို နှိမ့်ချဘို့၊ သို့မှသာ သင့်ကို ချီးမြှောက်တော်မူမည်လို့ ဆိုထားပါတယ်။

ချစ်သောမိတ်ဆွေ ယနေ့ ကျွန်ုပ်တို့ မိမိတို့၏ အပြစ်များကို နှိမ့်ချစွာ ခွင့် လွှတ်ဘို့ တောင်းခံပြီး၊ အသက်တာကို ဘုရားသခင်အား ဆက်ကပ်ဘို့ စဉ်းစားကြည့် ကြပါစို့။ (၁ယော ၂း၁-၂တွင် “ချစ်သားတို့ သင်တို့သည် ဒုစရိုက်ကို မပြုစေခြင်းငှါ ဤ အရာများကို ငါရေး၍ ပေးလိုက်၏။ တစ်စုံတစ်ယောက်သော သူသည် ဒုစရိုက်ကို ပြုမိလျှင် ဖြောင့်မတ်တော်မူသောအရှင် ယေရှုခရစ်တည်းဟူသော ငါတို့ အမှုဆောင် သခင်သည် ခမည်းတော်ထံ၌ ရှိတော် မူ၏” ယေရှုခရစ်သည် ကျွန်ုပ်တို့ အပြစ်အတွက် ပြေလည်အောင် လုပ်ဆောင်ပေးခဲ့သူ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ခရစ်ယာန်များ အမှား ပြုမိသည့်အခါ ဘုရားသခင် ကျွန်ုပ်တို့အား စိတ်မဆိုးစေရန် ဘုရားသခင်၏ နှလုံး သားကို ကျေနပ်စေသော



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၆ ဧပြီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အထောက်အပံ့ရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ ဘုရားသခင်၏ အထောက်အပံ့ကို ငြင်းဆိုမည်ဆိုပါက ကျွန်ုပ်တို့ အတွက် ခရစ်တော် လက်ဂါးကပ်တိုင်မှာ ပေးဆပ်ပူဇော် ခဲ့ခြင်းကို မယုံကြည်ရာ ရောက်ပါမည်(ဟေဗြဲ ၁၁း၆)က "ယုံကြည်ခြင်း မရှိသောသူသည် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်" ယေရှု၏ အသွေးတော်သည် အပြစ်ရှိသမျှကို ဖြေရှင်းပေးခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ် တို့သည် အမှားအယွင်း ပြုမိလျှင် သူမျှော်လင့်သော အရာမှာ သင့်အပြစ် ခွင့်လွှတ်ခြင်း အတွက် သူ လုပ်ဆောင်နိုင်သော အရာကို လိုက်နာဖို့ဘဲ ဖြစ်ပါသည်။ လုကာ ၁၅း၁၁-၃၂ ၌ ပျောက်သောသား ပုံဥပမာမှာ အပြစ် ခွင့်လွှတ်ခြင်း တောင်းခံရန်၊ ကျွန်ုပ်တို့ သူ့ထံသို့ တိုးဝင်ချဉ်းကပ်သည်နှင့် တပြိုင်တည်း ကျွန်ုပ်တို့ အပေါ် ထားရှိသည့် ဖခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာသဘောကို ပြဆိုခြင်း ဖြစ်ပါသည်။ သူသည် အမြဲ ခွင့်လွှတ်လိုစိတ်ရှိပြီး၊ သူ့ထံသို့အမြဲ ပြန်လာစေချင်သူ ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်များကို ခွင့်လွှတ်ဘို့ နှိမ့်ချစွာ တောင်းခံခြင်းသည် ဘုရားသားသမီး ဖြစ်သော ကျွန်ုပ်တို့အတွက် ရှိထိုက်ပါသည်။ ထို ရပိုင်၊ ရှိထိုက်သော အကျိုးကို ကျွန်ုပ်တို့ အရယူ ကြပါစို့။ ကျွန်ုပ်တို့ အမှားကျူးလွန်မိခဲ့လျှင် ဘုရားသခင်ထံ ဂန်ချတောင်းပန်လျှင် ယုံကြည်ခြင်းဖြင့် ထိုအပြစ်မှ ခွင့်လွှတ်ခြင်း ရရှိနိုင်ပါသည်။ သို့သော်လည်း သင့်ကို အပြစ်လုပ်ဘို့ မယူဆစေလိုပါ။ ကျွန်ုပ်တို့၏ အလိုအပ်ဆုံးမှာ အပြစ်များကို ခွင့်လွှတ်ဘို့ နှိမ့်ချစွာ တောင်းခံပြီး ဘုရား သခင်၏ ဂရုဏာတော်ကို ခံစား ရရှိရန် ဖြစ်ပါသည်။ ထို့ကြောင့် ငါတို့သည် သနားခြင်း ဂရုဏာ ကိုရင်း၊ တော်လျော်သော မ စခြင်း ကျေးဇူးတော်ကိုရင်း၊ ခံရမည်အကြောင်း၊ ရဲရင့် သောစိတ်နှင့် ကျေးဇူး ပလ္လင် တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့ (ဟေဗြဲ ၄း၁၆)။ ။ (Mary ဖျာပုံ)

---



## သက်သေခံချက် ရွှေသဇင်

ယေရှုခရစ်၏ စစ်သူရဲ စာအုပ်ထဲမှာ မယုံကြည်သူကြားထဲမှာ အလုပ် လုပ်နေရတယ် ဆိုရင် အဲဒီနေရာဟာ ကိုယ့်ရဲ့ သာသနာပြုနယ်မြေဘဲလို့ ရေးထားပါ တယ်။ ကျမ အလုပ်လုပ်တဲ့ အိမ်က မယုံကြည်သူတွေ ရှိသလို ယုံကြည်သူလဲ တစ်ယောက်ရှိပါတယ်။ ကျမ သူဌေးတစ်ယောက်ဘဲ ဘုရား ကျောင်း မှန်မှန်တက်တဲ့ ယုံကြည်သူဖြစ်ပါတယ်။ သူက ကျမ်းစာ မှန်မှန်ဖတ်တယ်။ သူဟာ မယုံကြည်သူ မိသားစု ကနေ ပြောင်းလဲလာတယ်လို့ ကျမကို ပြောပြပါတယ်။ သူ့ခင်ပွန်းနဲ့ ကလေး တွေကတော့ စေတနာ ကောင်းရင် ကံကောင်းတယ် ဆိုသလို သူတို့ စိတ်နှလုံးတွေလဲ တကယ် ဖြူစင်ကြပါတယ်။ ၁ယော ၁း၉ ကျမ်းပိုဒ်ကို ကျမ သိပ်ကြိုက် တဲ့အတွက် ကျမ်းစာသားနဲ့ ဒူးထောက်ဆုတောင်းနေတဲ့ ပုံကို ကိုယ့်ဖာသာကိုယ် ဆွဲပြီး ခေါင်းရင်း မှာ ကပ်ထားပါတယ်။ ကျမ်းစာကို ဘိုလိုရေးထားတော့ တအိမ်သားလုံး ဖတ်လို့ ရပါတယ်။ တစ်နေ့ မှာ အိမ်က ကြမ်းပြင်ကို ကျမ တိုက်တဲ့အခါ ကြမ်းပြင်က မခြောက် သေးတော့ ရေနဲ့နဲ စိုနေပါတယ်။ သူဌေးမ က တက်နင်းမိတော့ ကျမကို ချက်ခြင်း ပြောတယ်။ ကြမ်းပြင် ရေစိုစိုမှာ ငါ့ယောက်ျား တက်နင်းမိလို့ ချော်လဲသွားရင် နင် ရေးထားတဲ့ ကျမ်းပိုဒ်ထဲကလို ဘုရားသခင်က ခွင့်လွှတ်ပေမဲ့ ငါကတော့ နင့်ကို လုံးဝ ခွင့်မလွှတ်နိုင်ဘူးတဲ့။ အဲဒီအချိန်မှ ကျမ ချက်ခြင်းသိလိုက်တယ်။ ကျမ အခန်းထဲက ကျမ်းပိုဒ်ကို သူဖတ်မိသွားပြီး။ စိတ်ထဲမှာ ကိုယ်တော့်ကို ကျေးဇူးတင်လိုက်တာ။ ဟုတ်ကဲ့ ဆရာမ ကျမ ကရုစိုက်ပါ့မယ်လို့ ပြန်ဖြေလိုက်ပါတယ်။ နောက်တစ်နေ့ မနက်ကျတော့ အဖိုးကြီးက လေ့ကျင့်ခန်း သွားလုပ်ပြီး အိမ်ပေါ် တက်လာပါတယ်။ ခြေထောက်မှာလဲ ပတ်တီးစည်းထားပါတယ်။ ကျမ မေးကြည့်တော့ သူ လေ့ကျင့်ခန်း လုပ်ရင်း ခြေချော် သွားလို့တဲ့။ စိတ်ထဲက တစ်ခါ ကျေးဇူးတော်ကို ချီးမွမ်း ရပြန်ရော။ နေ့စဉ်နေ့တိုင်း ကျမ အလုပ် လုပ်နေတဲ့ အသေး အမွှား ကိစ္စ က စပြီး ဘုရား သခင် ကျမတို့ဘက်မှာ ရပ်တည် နေကြောင်း သက်သေ ခံခြင်း ဖြစ်ပါတယ်။

------------------------------====---------------



## ခနနဲ့မထားခဲ့ပါနဲ့

ပထမဦးစွာ ဘုရားခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အဆိုတော်တယောက်ရဲ့သီချင်းစာသားထဲမှာ "ကျန်နေခဲ့မှာ တွေးရုံနဲ့ ကြေကွဲတတ်တော့လဲ၊ တကယ့်ဘဝကို ရင်ဆိုင်ဖို့ ခက်တယ်။ မလွမ်းရဲသေးဘူးမောင်ရယ်။ ခနနဲ့ မထားခဲ့ပါနဲ့ " တဲ့။ သီချင်းစာသားလေး ထဲကလို နီနီလဲ နီနီ့ဘဝအတွက် ဘုရားသခင် တည်ဆောက်ထားတဲ့ ကောင်းကင်ဘုံနဲ့ အဝေးဆုံးတစ်နေရာမှာ ကျန်နေခဲ့မှာ တွေးရုံနဲ့ အလွန် ဝမ်းနည်းရပါတယ်။ နီနီ့ကို ဘုရားသခင်အကြောင်း လမ်းပြပေးတဲ့ သူငယ်ချင်း "ကုန်း" ပြန်သွားတဲ့ ၄-၄-၂၀၁၀ မှာ နီနီ ရေးတဲ့ "ချစ်မိပြီ " ဆိုတဲ့ စာမူ သခင့်စကား စာစောင်မှာ ပါလာတယ်။ တစ်နေ့တော့ နီနီနဲ့ တစ်လမ်းထဲ အတူနေတဲ့ အစ်မ ခင်ခင်ထူးက အရမ်းပျော်ပြီး သီချင်းတွေဆိုနေလို့ အစ်မ ဘာဖြစ်တာလဲလို့ မေးလိုက်မိတယ်။ သူက ငါ ဘုရားသခင်ကို သိလို့ အရမ်း ပျော်တယ်လို့ ပြန်ပြောပါ တယ်။ အစ်မ ခင်ထူးဟာ အရင်တုံးက ခရစ်ယာန်တစ်ယောက်ပါဘဲ။ ဒါပေမဲ့ အမည်ခံ တစ်ယောက်ဖြစ်ပြီး အခုမှ ဘုရားသခင်ရဲ့ မေတ္တာကို ပိုသိလာတယ်လို့ ပြောပြပါတယ်။ နီနီ့မှာ အရင်တုံးက သူငယ်ချင်း "ကုန်း" က ဘုရားသခင် အကြောင်း ပြောပြပေးပေမဲ့ ကုန်း ပြန်သွားတဲ့နောက်မှာ ဘယ်သူမှ မသွန်သင်ပေးတော့ဘူး။ အစ်မ ခင်ခင်ထူးက ဘဲ ကုန်း အစား ကျမ်းစာသင်ပေး၊ ဘုရားသခင် အကြောင်း ပြောပြပါတယ်။ ကျမ်းစာအုပ်လဲ ပေးဖတ်ပါတယ်။ အတူတူ ဆုတောင်းကြပါတယ်။ ညအိပ်ယာ ဝင်ခါနီးတိုင်း ဟာလေလုယာ လို့ ဘုရားဂုဏ်တော်ချီးမွမ်းပြီးမှ အိပ်လေ့ ရှိပါတယ်။ ဒီလိုနဲ့ ကျမ အလုပ်ပါမစ် ကုန်ခါနီးမှာ သူဌေးမကို ကျမကို အလုပ် ဆက်ခန့် မခန့် မေးလိုက်မိပါတယ်။ သူဌေးမက ဇူလိုင်လ ကုန်မှ အကြောင်းပြန်မယ်လို့ပြောပါတယ်။ အဲဒီ အတောအတွင်း သူဌေးမက အလုပ်ကို တိုးပြီးခိုင်းလို့ ကျမ မလုပ်နိုင်အောင် ပင်ပန်းလာတဲ့အခါမှာ သက်တမ်းကုန်ရင် ငါ့တိုင်းပြည် ငါပြန်မယ်လို့ စိတ်တိုတိုနဲ့ ပြန်ပြော မိပါတယ်။ သူဌေးမက အိုကေ တဲ့။ အဲဒီအကြောင်း အစ်မ ခင်ထူးကို ပြောပြ မိတော့ အစ်မက အရာအားလုံး ဘုရားသခင် ပြင်ဆင်ပေးပါလိမ့်မယ်။ ဆုတောင်းပါတဲ့။ ပွဲစားကလဲ အိမ်အသစ်မှာ အင်တာဗျူးဖို့ စီစဉ်ပေးပါတယ်။ ကျမက လူကောင်သေးပြီး အင်္ဂလိပ်စကား မကျွမ်းကျင် တဲ့အတွက် သူဌေးအသစ်က မကြိုက်ပါဘူး။ အစ်မခင်ထူးနဲ့ ကျမတို့ အရာ အားလုံး အတွက် ဘုရားသခင်ဆီမှာ ဆက်ကပ် ဆုတောင်းကြပါတယ်။ တစ်နေ့မှာ အစ်မခင်ထူးရဲ့ ညီမ ဝမ်းကွဲ မြန်မာပြည်ကို အပြီး ပြန်မယ်ပြောလို့ သူ့နေရာမှာ နီနီ အစားဝင်လို့ ရမလား လို့မေးလိုက်မိပါတယ်။

ဘုရားသခင် ပြင်ဆင်ပေးမှုကြောင့် စင်ကာပူ စီးတီးဟောမှာ အစ်မ ခင်ထူး ရယ်၊ သူ့ညီမ ဝမ်းကွဲရယ်။ သူဌေးမရယ် နီနီ့ကို အင်တာဗျူးဖို့ စောင့်နေကြပါတယ်။ သူဌေးမက အရမ်း သဘောကောင်းပြီး ကိုယ်ချင်းစာနာစိတ် ရှိပါတယ်။ ဘုရားသခင် ပြင်ဆင်ပေးမှုကြောင့် ကျွန်မ အလုပ်အသစ် ရသွားခဲ့ပါတယ်။ နီနီ့ကို လမ်းပြပေးတဲ့ ဝိညာဉ်ရေးရာ ညီအစ်ကို မောင်နှမများနဲ့ စာဖတ်သူများကို ဘုရားသခင် ကောင်းကြီး ပေးပါစေ။

---

## ကျေးဇူးတော်သက်သက်ကြောင့်သာ သမီးငယ်

ရှေးဦးစွာ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အသက်တာမှာ ခံစားရတဲ့ ဘုရားသခင် မစခြင်းအကြောင်း အနည်းငယ် သက်သေ ခံချင်ပါတယ်။ ကျမ စင်ကာပူကို ၂၀၀၆ ခုနှစ်မှာ အလုပ်လာလုပ်ပါတယ်။ ၂နှစ် လုပ်ပြီးလို့ သက်တမ်းပြည့်သွားတဲ့အခါမှာ မြန်မာပြည်ကို ပြန်သွားခဲ့ပါတယ်။ အလုပ် အသစ် ပြောင်းဖို့ ရည်ရွယ်ထားတဲ့အတွက် အလုပ်အသစ်အတွက် လိုအပ်တဲ့ စာရွက် စာတမ်းတွေနဲ့ ဆေးစစ်ဖို့ လုပ်ခဲ့ပါတယ်။ နောက်တစ်နေ့မှာ ဆေးစစ်ထားတဲ့ ဆေး လက်မှတ်ယူဖို့ ဆေးခန်း ကို ထွက်လာခဲ့ပါတယ်။ ဆေးစစ်တဲ့ နေရာရောက်တော့ ဝန်ထမ်းက ကျမကို ဆေးကျတယ်လို့ ပြောပါတယ်။ ကျမ စိတ်ထဲမှာ ငါဆေးကျတဲ့ ရောဂါက အသည်းရောင် ဘီပိုး လို့ ခပ်ပေါ့ပေါ့ ထင်မိလိုက်တယ်။ ဒါပေမဲ့ ဝန်ထမ်းက ကျမမှာ ရှိတဲ့ရောဂါက HIV positive တဲ့။ ကျမ မျက်လုံးတွေပြာ။ နားတွေ ပင်းသွားသလို ခံစားလိုက်ရတယ်။ ဆေးစစ်တဲ့ ကာလအတွင်းမှာ ကျမ အပျော်လွန်ပြီး ဘုရားကို မေ့နေတယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးနေတယ်။ အဲဒါနဲ့ ဝန်ထမ်းကို ကျမ စင်ကာပူမှာ ၆လတစ်ခါ အမြဲဆေးစစ်တယ်။ ဘာရောဂါမှ မရှိဘူးလို့ပြောလိုက်မိတယ်။ ဝန်ထမ်းက နောက်တစ်ရာမှာ ဆေးထပ်စစ်ဖို့ ပြောပါတယ်။ ကျမ အရမ်း စိတ်လှုပ်ရှားနေမိတယ်။ ဒီရောဂါသာ ရှိရင် ကျွန်မ ဘာလုပ်စားလို့ ရတော့မလဲ။ လူတွေကို ဘယ်လို မျက်နှာ ပြရမလဲ။ ဘယ်လို ရှေ့ဆက် စခန်းသွားရ မလဲ လို့ တွေးရင်း ခြောက်ခြားနေမိတယ်။ ကျမ ဘာမှ မဟုတ်တာ မလုပ်ခဲ့ဖူး ဘူးဆိုတာ ကိုယ့်လိပ်ပြာ ကိုယ် ယုံပါတယ်။ ဒါနဲ့ အဲဒီကာလအတွင်း ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့၊ ဆုတောင်း၊ ကျမ်းစာဖတ်၊ အပြစ်ဝန်ချခဲ့ပါတယ်။ နောက် ၅ရက် နေတဲ့ အခါမှာ ဆေးပြန်စစ်ခဲ့ပါတယ်။ ကျမမှာ ဘာရောဂါမှ ရှိမနေတော့ပါ။ အခုဆိုရင် စင်ကာပူပြန်ရောက်ပြီး အလုပ်ကောင်းကောင်း ပြန်လုပ်နိုင်ခဲ့ပါပြီ။ အဲဒီအတွက် ဘုရား သခင်ရဲ့ ကျေးဇူးတော်ကို အထူး ချီးမွမ်းပါတယ်။ ။

---



## သက်သေခံချက် (သဲဖြူနှစ်ခြင်းအသင်းတော်)

ကျွန်မ စင်ကာပူ ရောက်နေတာ ၄ နှစ်ရှိပါပြီ။ အလုပ် ထဲမှာ အင်ဒိုနီးရှားမ တစ်ယောက်နဲ့ အတူတူ တွဲလုပ်ရပါတယ်။ ကျမက လုပ်သက်များတဲ့အတွက် အဲဒီ အင်ဒိုမကို အရာရာ သင်ကြားပြသပြီး ဦးဆောင် တွဲလုပ်ရပါတယ်။ စင်ကာပူမှာ အတူတူ တွဲလုပ်ရတာ လူမျိုးလဲ မတူ။ ယုံကြည်ကိုးကွယ်မှုလဲ မတူ။ ဘာသာစကား လဲ မတူတဲ့အတွက် အခက်အခဲ လေးတွေ ရှိပါတယ်။ တစ်ခါတစ်ခါမှာ အင်ဒိုမ က ကျမ စကားကို နားထောင်သလို တစ်ခါတလေကျရင် လုံးဝ နားမထောင်ပါဘူး။ နောက်ပိုင်း တော့ သူက မနာခံတဲ့ အပြုအမူနဲ့ လုံးဝ နားမထောင်တော့ပါဘူး။ ဒီလိုနဲ့ သူနဲ့ ကျမ တစ်ယောက် တစ်ခွန်း စကားများကြပါတယ်။ သူက ကျမကို နေရာတကာမှာ ဆရာကြီး လုပ်တယ်။ စွာတယ် ဆိုပြီး လုံးဝ မကြိုက်ဘူးတဲ့။ ကျမကလဲ အိုကေ ဒီနေ့က စပြီး နင့်ကို ငါ လုံးဝ မသင်ပေးတော့ဘူး။ ဆိုပြီး တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေကြတော့ဘူး။ ကျမ စိတ်ထဲမှာတော့ အဲဒီ အင်ဒိုမ စိတ်ပြောင်းလဲဖို့ ဆုတောင်း ပေးပါတယ်။ ရန်ဖြစ်တဲ့သူ တစ်ယောက် ရှိတဲ့အတွက် ရန်သူတစ်ယောက် တိုးလာတယ်လို့ ကျမ စိတ်ထဲမှာ ခံစားမိပါတယ်။ ရန်သူကို ဓါးနဲ့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၆ ဧပြီလ ၂၀၁၁ ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခုတ်ရမယ်။ ဓားနဲ့ ခုတ်ရင် လူတွေ ပုံရက်သား လဲကျသွားနိုင်တယ်။ စိတ်ထဲမှာ လူတိုင်းကို ဘုရား မေတ္တာ ထားဖို့။ လူတိုင်းကို မေတ္တာ ဓါးနဲ့ ခုတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဓားတောင် ရိုးရိုး ဓားနဲ့ မရပါဘူး။ ဓားထက်ထက်နဲ့ ခုတ်မှ ရမှာ ဖြစ်ပါတယ်။ ရန်သူကို ဘုရားသခင် ဆီက လာတဲ့ မေတ္တာ ဓါး ထက်ထက်နဲ့ ခုတ်ဖို့ ဆုံးဖြတ်ပြီး အင်ဒိုမ ပြောင်းလဲ ဖို့ ကျမ ဆုတောင်းပေးပါတယ်။ နောက်နေ့မှာ အင်ဒိုမ က ကျမကို ဆောရီး လို့ ပြောပြီး လက်ကမ်း နှုတ်ဆက်ပါတယ်။ မင်း ခိုင်းထားတာကို ငါနာခံ လုပ်ဆောင် ပါ့မယ်လို့ လဲ ပြောလာပါတယ်။ ကျမတို့ နေ့စဉ် အသက်ရှင် လှုပ်ရှားတဲ့ နေရာမှာ အဆင်မပြေမှု လေးတွေ ရှိလာတဲ့အခါ ဘုရားသခင်ရဲ့ မေတ္တာကို ရှေ့တမ်း တင် ထားပြီး အလုပ်လုပ်ရင် အဆင် ပြေမဲ့ အကြောင်း သက်သေခံ ဝေငှလိုက်ပါတယ်။ ။

နေကျော်ဖိုး (သဲဖြူ နှစ်ခြင်း အသင်းတော်) ခေတ္တ စင်ကာပူ

---



## သက်သေခံချက် မေချိုလွင် (ကျုံပျော်)

ကျမ အရင်တုံးက သက်သေခံရမှာကို အရမ်းကြောက်တယ်။ တကယ်လို့ ကိုယ့် သက်သေခံချက်က ခွန်အားရစရာ မကောင်းဘူး ဆိုရင်ပေါ့နော်။ ဒါပေမဲ့ ဝိညာဉ်တော်က ကျမကို ဘယ်လို သွန်သင်သလဲ ဆိုတော့၊ ဖယောင်တိုင် မီးလေးလဲ သူ့ အလင်းနဲ့ သူ လင်း ပေးနိုင်တယ်။ ပိုးစုန်းကြူးလေးလဲ သူတတ်နိုင် သလောက်နဲ့ သူ လောကကို အလင်း ပေးနိုင်တယ်။ အဲဒီတော့ ကျမလဲ ကိုယ်ရရှိထားတဲ့ အစွမ်း လောက်နဲ့၊ ဘုရား ကောင်းကြီး နဲ့ မေတ္တာတွေကို သူတပါးကို သက်သေခံ ဝေငှ နိုင်တယ်။ ငါ အရည်အချင်း မရှိဘူးလို့ ဘုရားကို ဆင်ခြေ မပေးရဘူးလို့ ဝိညာဉ် တော်က သွန်သင်ပါတယ်။ အဲဒီအခါကျတော့မှ ကျမ သက်သေခံဖို့ ဆန္ဒပြင်းပြ လာခဲ့ပါတယ်။ အရင်တုံးက ဘုရားသခင်ရဲ့ အစီအစဉ် တစ်ခုစီတိုင်းကို နားမလည် လက်မခံခဲ့ဘူး။

ပြဿနာ တစ်ခုခုဖြစ်တိုင်း ဘုရားသခင်ကို အပြစ်တင်ခဲ့မိတယ်။ တွေ့ကြုံ ရင်ဆိုင် ခဲ့ရသမျှတွေ ဘာတစ်ခုမှ အဆင်မပြေခဲ့ဘူး။ အိပ်ရေး ဝဝ မအိပ်ရဘူး။ အစာ ဝဝ မစား ရဘူး။ အမြဲတမ်း ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ အပြုအဆူ ခံရခြင်းတွေနဲ့ဘဲ ကြုံတွေ့ နေရတယ်။ တစ်နေ့မှ ထမင်းမဆာတဲ့နေ့၊ အိပ်ရေး မဝတဲ့နေ့ ဆိုတာ မရှိဘူး။ နေ့တိုင်း လိုလို ဆာလောင်မှုတွေ၊ ပင်ပန်းမှုတွေနဲ့ ရုန်းကန်နေရတယ်။ ကိုယ့်အခြေအနေနဲ့ လိုက် ပြီး နှိမ့်ချ ဆက်ဆံခံရတယ်။ တစ်ခါတစ်လေ ညဘက်မှာ အိပ်နေရင်းနဲ့ ကြောက်လွန်းလို့ လန့်နိုးခဲ့တယ်။ လက်ရှိအခြေအနေကနေ လွတ်မြောက်ချင်တယ်။ အဲဒါနဲ့ ဘုရားသခင်ကို ကျမ အပြစ်တင်ခဲ့မိတယ်။ ဘုရားသခင် ကျမမှာ သူငယ်ချင်းတွေ အများကြီးရှိတယ်။ သူငယ်ချင်းတွေ အားလုံး အေးအေးလူလူနေရပြီး ကျမ တစ်ယောက်တည်းဘဲ ဒီလို ဒုက္ခ တွေ ခံစားရတယ်။ ဘုရားသခင် မတရားဘူးလို့ အပြစ်တင် ခဲ့မိတယ်။ ပြဿနာ တစ်ခုခု ရင်ဆိုင် ရတဲ့အခါမှာလဲ ဖြေရှင်းပေးမဲ့လူ တစ်ယောက်မှ မရှိဘူး။ အဲဒီအခု ကိုယ်လိုချင်တဲ့ ပုံစံနဲ့ ဖြေရှင်းလို့ရအောင် ဘုရားကို ကို ကြိတ်ပြီး ပူဆာခဲ့တယ်။ ဒါပေမဲ့ တကယ့် တကယ် ဖြေရှင်း လိုက်တဲ့အခါမှာလဲ တလွဲကြီးဘဲ။ အဲဒီအခါမှာ ငါဆုတောင်းလဲ ဘုရားက နားမညောင်းဘူး။ ဆုတောင်းလဲ အလကားပါ ဆိုပြီး စိတ်ထဲကနေ ဘုရားကို ကျောခိုင်း လိုက်မိတယ်။ စိတ်ထဲမှာတော့ ငြိမ်သက်ခြင်း ဘယ်လိုမှ မရနိုင်ခဲ့ဘူး။ နောက်ပိုင်း ကျမ ပွဲစားခ အကြွေး ကျေခါနီးမှာ မြန်မာပြည်မှာ နာဂစ်မုန်တိုင်း ကျတယ်။ မိသားစုတွေ စားဝတ် နေရေးအတွက် အရမ်း ကျပ်တည်းနေချိန်မှာ ကျမ ပွဲစားခ ကျေနေပြီဖြစ်တဲ့အတွက် အိမ်ကို ငွေပို့နိုင်မဲ့ ကာလ ဖြစ်နေတယ်။ အဲဒီ အချိန်မှာ ဓမ္မဟောင်းကျမ်းစာထဲက ယောသပ် အကြောင်း ခေါင်းထဲ ဝင်လာတယ်။ ယောသပ်ဟာ အစ်ကိုဖြစ်သူတွေ ရောင်းစားလို့ သူများ တိုင်းပြည်မှာ ကျွန်အဖြစ်နဲ့ နေရပေမဲ့ အစာခေါင်းပါးချိန်မှာ မိသားစုနဲ့ အစ်ကိုတွေကို ကယ်တင်နိုင်ခဲ့တယ်။ ကျမလဲ အခုလို မိသားစု ကျပ်တည်းချိန်မှာ ကူညီဖို့ ဘုရားသခင်က စင်ကာပူကို ကြိုတင် ပို့ထားတာပါလားဆိုပြီး ဘုရားသခင်ရဲ့ အကြံအစည်တော်ကို နားလည် လာခဲ့ပါတယ်။

ပြီးတော့ အရင်က ပြဿနာတစ်ခုခု ရင်ဆိုင်ရပြီဆိုရင် ကိုယ်လိုချင်တဲ့ ပုံစံနဲ့ ဖြေရှင်းခွင့် မရခဲ့ပေမဲ့ ဘုရားရှင် ဖြေရှင်းပေးတဲ့ နည်းကသာ အမှန်ကန်ဆုံး အသင့်တော် ဆုံးနဲ့ အကောင်းဆုံးဘဲဆိုတာ ကျမ သိလိုက်ရတယ်။ နောက်ပိုင်း အဲဒီ ပြဿနာတွေနဲ့ တွေ့ကြုံ ရတဲ့အခါ ဘယ်လို ဆုတောင်းလာတတ်သလဲ ဆိုတော့ ဘုရားသခင် ဒီပြဿနာကို ကျမ ဒီလိုပုံစံနဲ့ ဖြေရှင်းချင်ပါတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ အလိုတော်ပါဘဲ။ ဖြစ်ပေါ်လာမဲ့ အခြေအနေ ပေါ်မှာတော့ ကျမကို ခံနိုင်အောင် ခွန်အားပေးပါ ဆိုပြီးတော့ ဆုတောင်း တတ် လာပါတယ်။ တစ်ခါတစ်လေ ဘဝမှာ ကံဆိုးမိုးမှောင်ကျတဲ့ နေ့တွေ ရင်ဆိုင်ရပါတယ်။ အဲဒီအခါမှာ မျှော်လင့်ချက်တွေ မဲ့သွားတယ်။ လက်ရှိ အခြေအနေကလဲ ဘာမှ မဖြစ်မလာ နိုင်တော့တဲ့ အဖြစ်မျိုး ခံစားရတယ်။ စိတ်ဓါတ်တွေ ကျတယ်။ တစ်ခါတစ်လေ တိုက်ပေါ်က ခုန်ချပြီး သေလိုက်ချင်တယ်။ အဆိပ်သောက်ပြီး သေလိုက်ချင်တယ်။ တမလွန်တွေ ဘာတွေ ဆိုတာလဲ ကျမ ခေါင်းထဲမှာ မရှိတော့ဘူး။ လက်ရှိ အခြေအနေလေးက လွတ်မြောက် ရရင်ဘဲ ကျမ ကျေနပ်တယ်။ နောက်ပိုင်း ဘုရား အတူရှိတယ် ဆိုတာကို ယုံကြည် လာတဲ့အခါ ဒီလို အခြေအနေမျိုးတွေ ရင်ဆိုင်ရတဲ့အခါ စိတ်ဓါတ်ကို ဘယ်လို ထားတတ်လာသလဲ ဆိုတော့ ငါ ဒီလို အခြေအနေမျိုး တသက်လုံး ရင်မဆိုင်သွားရဘူး။ ဘုရားကလဲ မခံနိုင်တဲ့ စုံစမ်းခြင်းကို မပေးပါဘူး။ ဒီအထဲမှာ ဘုရားသခင်ရဲ့ အစီအစဉ် တစ်ခုခု ရှိနေလိမ့်မယ် ဆိုပြီးတော့ ကျမ ဘုရားသခင်ဆီမှာဘဲ ခွန်အားတောင်းပြီး နေလိုက် ပါတယ်။ နောက်ပိုင်းမှာ ဆိုးဝါးတဲ့ အခြေအနေမျိုးထဲမှာ ဘုရားနဲ့ အတူ ကျမ ဝမ်းမြောက်မှု ရှိလာခဲ့ပါတယ်။ ဘယ်လို စကားလုံးကိုမဆို ခံနိုင်ရည် ရှိလာတယ်။ ဘယ်လို မျက်နှာထား မျိုးကိုမဆို ရင်ဆိုင်တတ်လာတယ်။ ပြီးတော့ လျစ်လျူရှုသင့်တဲ့ အရာကိုလဲ လျစ်လျူ ရှုတတ်လာတယ်။ ဘုရားသခင်ကလဲ ကျမရဲ့ ပြဿနာ အခက်အခဲတွေကို ဘယ်တော့မှ ယူ မပစ်ဘူး။ အဲဒီပြဿနာကြားထဲမှာ ကျမနဲ့ အတူရှိနေတယ်။ ကျမကို လမ်းပြပေးနေတယ်။ ခွန်အား ပေးနေတယ်။ သင်ခန်းစာတွေ တစ်ခုပြီးတစ်ခု ပေးနေတယ်။ ဆိုတာကို ကျမ သိလာရတယ်။ နောက်ပိုင်းမှာ ကျမ ဘဝကို ရင်ဆိုင်တတ်လာတယ်။ ရင်ဆိုင်ဖို့ သတ္တိတွေ လဲ ရှိလာတယ်။ အခု အားလုံးနီးပါး အဆင်ပြေနေပါပြီ။ ဘုရားသခင်ရဲ့ အစီအစဉ် အားလုံး ကောင်းပါတယ်။ ဒီလို အခြေအနေတွေ ရင်ဆိုင်လာခဲ့ရတဲ့အတွက် နောက်ပိုင်းမှာ ဒီပြဿနာ တွေကို ရင်ဆိုင်ဖို့ မကြောက်တော့ဘူး။ အခုအချိန်မှာ အရင်ကလို ဘုရားသခင်ကို အပြစ်တင်တာမျိုး မဟုတ်တော့ဘဲ။ ဘုရားသခင် ကျမရဲ့ သူငယ်ချင်း အပေါင်းအသင်း အားလုံး ထဲမှာမှ ကျမ တစ်ယောက်တည်းကို ရွေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျမ မစုံလင်မှန်း သိပေမဲ့ ကျမကို အရမ်း ချစ်ခဲ့တယ်။ ပို့ဆောင်ပေးခဲ့တယ်။ အရာအားလုံး အတွက် ကျေးဇူး တင်တယ်လို့ --။ ကျမ နောက်ဆုံးရေးချင်တာကတော့၊ လူတစ်ယောက်စီ တိုင်းမှာ ဘုရားသခင်ရဲ့ အစီအစဉ် ရှိနေပါတယ်။ ဘုရားသခင်ရဲ့ အစီအစဉ် အားလုံး ကောင်းတယ်။ အခက်အခဲတွေ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရတဲ့အခါ။ ဘုရားကို အပြစ် မတင်မိစေနဲ့။ ဘုရားဆီမှာ ခွန်အား တောင်းပြီး ကြိုးစား ရပ်တည်နေလိုက်ပါ။ တစ်နေ့မှာ " ဒဏ်ရာ ကိုယ်တော်ရှင် ပေးတဲ့ ကောင်းကြီးတွေဆို ငြင်းမှာလား။ ဝေဒနာ ကိုယ်တော် ရှင် ပေးတဲ့ ဆုလာဘ်တွေ ဆိုရင် လက်ခံမလား " ဆိုတဲ့ သီချင်းလေး တစ်ပုဒ်လိုဘဲ။ ဒီဒဏ်ရာ ဒဏ်ချက်တွေ ဝေဒနာ တွေဟာ ဘုရားရှင်ပေးတဲ့ ကောင်းကြီးတွေ ဆုလာဘ်တွေပါဆိုတာ ကျမတို့ တစ်နေ့ နားလည် လာပါလိမ့်မယ်။ ။ မေချိုလွင် (ကျုံပျော်)

---



## ထူးခြားသောအမျိုးသမီးများ မလေး(ဂျူလိုင်)

ဘုရားသခင်သည် အမျိုးသမီးများကို ဖန်ဆင်းရာတွင်၊ ကြင်ဖော်၊ အထောက် အမ အဖြစ် ဖန်ဆင်းထားသည်ကို တွေ့ရမည် ဖြစ်သည်။ အမျိုးသမီးများကို အမျိုးသားထဲမှ ဖန်ဆင်း ထားသော် လည်း နိမ့်ကျခြင်းမရှိ အတူတူပင် ဖြစ်သည်။ ဘုရားသခင် သည် ဧဝကို အာဒံ၏ ခေါင်းထဲမှ မဖန်ဆင်းသလို၊ ခြေထောက်မှလည်း မဖန်ဆင်းပါ၊ အဆင့်အတန်းချင်း အတူတူ ဖြစ်ရန်၊ သူ(အာဒံ) ၏ နံရိုးမှ ထုတ်၍ ဖန်ဆင်းထားသည်။ အကာအကွယ် ပေးရန်၊ သူ၏ လက်မောင်း အောက်မှလည်းကောင်း၊ ချစ်မြတ်နိုးရန် နှလုံးသားနားမှ လည်းကောင်း ဖန်ဆင်း ထားသည့်အတွက် အတူတူပင် ဖြစ်သည်။ အုပ်စိုးမှု့ကို ဝန်ခံရမည် ဆိုရာတွင် ကျွန် ဖြစ်စေဟု မဆိုလိုပေ။ အရာအားလုံးတွင် ခင်ပွန်းသည် တဦးတည်း ဆုံးဖြတ်ရန် မဆို လိုပေ။တိုင်ပင် ဆွေးနွေးအကြံပြုရန် လိုအပ်သည်။ ဇနီးသည် တဦး၏ တာဝန်မှာ ရိုးရာ ယဉ်ကျေးမှု့ အရ ခင်ပွန်းသည်အား ပြုစုရခြင်းဖြစ်၍ ချက်ပြုတ်၊ လျှော်ဖွတ်ခြင်းမှစ၍ လိုအပ်ချက်များအား ကြည့်ရှုဆောင်ရွက်ပေးရန်ဖြစ်သည်။ ယခုခေတ်တွင် အမျိုးသမီး အများစု တို့သည် ခင်ပွန်းသည်များနည်းတူ အလုပ် လုပ်ကိုင် လာရသည့် အတွက် အိမ်မှု ကိစ္စများတွင် ခင်ပွန်းသည်၏ ကူညီမှုမရရှိခဲ့လျှင် ဆူပူခြင်း၊ ရန်ဖြစ်ရခြင်း၊ မလိုလား အပ်သော ပြဿနာများ ဖြစ်ပေါ်လာရသည့်အတွက်၊ အလုပ်မလုပ်မီ တိုင်ပင် ဆွေးနွေး ခြင်းများ ပြုလုပ်ရန်လိုအပ်သည်။ အိမ်မှု့ကိစ္စများတွင် ကူညီယိုင်းပင်းမှု့ ရှိရန် ယဉ်ကျေး သိမ်မွေ့စွာ နားလည်လာအောင် ပြောတတ်ရမည်။

သို့သော်- အချို့သော အမျိုးသမီးများသည် ဝင်ငွေရသော အလုပ် လုပ်ကိုင်ခြင်းမရှိ။ စားဝတ် နေရေး၊ အဆင်ပြေသော်လည်း၊ ဇနီးသည်တဦး၏ တာဝန်ကျေပြွန်မှု့ မရှိ၊ လူမှု့ရေး နားလည်မှု့ မရှိခြင်းကြောင့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ် လာသည် ကို တွေ့ရသည်။ ထိုသို့သော အမျိုးသမီးအများစုမှာ မနာလိုခြင်း၊ အတင်း ပြောခြင်း၊ ညည်းညူခြင်း ခင်ပွန်းသည်နှင့် ယောက္ခမ ဆွေမျိုးများကြားထဲတွင် အထင်မြင် လွဲအောင် အမျိုးမျိုး ပြောတတ်သူများဖြစ်သည်ကို တွေ့ရသည်။ အမျိုးသမီးများ အနေဖြင့် ခင်ပွန်း သည်၏ ဝိညာဉ်ရေးတွင် လမ်းပြနိုင်သူဖြစ်ရန် အရေးကြီးသည်။ အရက် သောက်တတ် သော၊ ဆေးလိပ် သောက်တတ်သော၊ ခင်ပွန်းသည်များအတွက် အရေးကြီး ဆုံးသော လက်နက်ဖြစ်သည့် ဆုတောင်းခြင်းကိုအသုံးပြုပါ။ အရက်၊ ဆေးလိပ် ဝယ်ပေးခြင်းအား ရှောင်ကျဉ်ပါ။ ခင်ပွန်းသည်အတွက် အကြံပေးသူ၊ အနီးကပ် ဆွေးနွေးသူ၊ ပြဿနာများကို ဝေမျှခံစားနိုင်သူဖြစ်စေပါ။ နားထောင်ပေးပါ၊ မစီရင်ပါနှင့်။ အချိန်ပေး၍ ပျော်ရွှင် ငြိမ်သက် ခြင်းကိုရယူပါ။ အမျိုးသမီးများသည် မိခင်များလည်းဖြစ်၍ သားသမီးများ အား ဂရုစိုက် ကြည့်ရှုစောင့်ရှောက်ပါ။ ဘုရားသခင်၏ အလိုတော်နှင့်ညီသော သွန်သင်မှု များဖြင့် ရှင်သန် စေပါ။ အချိန်ပေးပါ။ နားလည်မှု့ ရှိပါ။ သို့သော်- သားသမီးယုံ၍ စုံးလုံး ကန်းရသော ဘဝမျိုး မရောက်စေရန် သတိပြုပါ။ သားသမီးများအတွက် ဆုတောင်းပေးပါ။ ဘုရားသခင် အလို



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၆ ဧပြီလ ၂၀၁၁ ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တော်နှင့် ညီသော ပုံသက်သေကို ပြပါ။ တချို့သော မိခင်များ သားသမီး များအပေါ် စိတ်ရှည် သည်းခံမှု မရှိတတ်၍ မိမိကိုယ်ကိုဆင်ခြင်ပါ။ ရင့်ကျက်မှုရှိရန် ဆင်ခြင် သတိပြုပါ။ ခင်ပွန်း သည်နှင့် သားသမီးများကြား မျှတသူ ဖြစ်စေပါ။ ဘုရားသခင်သည် လူမိန်းမ အားဖြင့် ဘုန်းတော် ထင်ရှားစေရန် အလိုရှိပါသည်။ ထူးခြား၍ တန်ဘိုးရှိသော အမျိုး သမီးများ ဖြစ်စေရန် ရည်ရွယ်ပါသည်။ သုတ္တံ၁၄း၁ ပညာရှိသော မိန်းမသည် မိမိ အိမ်ကို တည်ဆောက် တတ်၏။ မိုက်သော မိန်းမ မူကား ကိုယ်လက်နှင့် ဖြိုဖျက်တတ် ၏။ ။



-----------------------------------------------

## My ချစ်သူ (ဖုန်းကလေး)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါ တယ်။ အခက်အခဲများ ကြားထဲက ဖုန်းကလေးရဲ့ ရင်ထဲက လာသော စကားလေးများကို အနည်းငယ် ရင်ဖွင့် မယ်နော်။ Have a nice day, my ချစ်သူ။ How are you? ဖုန်းကလေး ငယ်ငယ်တုံးက အရမ်း ဆိုးတာနော်။ လိုတာ မရရင် စိတ်ဆိုး စိတ်ကောက်။ ဝမ်းနည်းမယ်။ ကျန်းမာရေး ကလဲ ပိုးမွေးသလို မွေးပေးခဲ့ရတဲ့ မိဘရဲ့ ကျေးဇူးတွေကလဲ ပြည့်လျှံလို့ပေါ့။ အခုအချိန် စိတ်ဆိုး စိတ်ကောက်ရင် အမေက ကလေး မဟုတ်တော့ဘူး သမီးလေးတဲ့။ အစ်ကိုက ရင့်ကျက်စမ်းပါ ညီမလေးတဲ့။ ဟုတ်တယ်နော်။ အမှားအမှန် စဉ်းစားဝေဖန် ဆုံးဖြတ် ခွဲခြားတတ်တဲ့ အရွယ်ရောက်နေပြီလေ။ ငယ်စဉ်ကတည်းက အခု အသက် ၃၁ နှစ်တိုင် ရောက်တဲ့အထိ စောင့်ရှောက် ကျွေးမွေးပေးခဲ့တဲ့ မိခင် ဖခင်ကို ကျေးဇူးတင်တယ်ဆိုတဲ့ စကားလုံးလေးနဲ့ မလုံလောက်တော့ဘူး။ ဒါ့ကြောင့် ဒီ စင်ကာပူမှာ လာပြီး အလုပ်လုပ် ကျေးဇူးဆပ်ခွင့်ရနေပြီလေ။ စင်ကာပူမှာ မနေတတ်ပေမဲ့ ဖုန်းကလေး ပျော်ပါတယ် My ချစ်သူ။ ဒါပေမဲ့ ဖုန်းကလေး တစ်ယောက်တည်း မနေတတ်ဘူး။ အေးမြတဲ့ မိသားစု အရိပ် အောက်မှာဘဲ နေချင်တယ်။ ဖုန်းကလေး မလုပ်ချင်တဲ့ အလုပ်ကြမ်းကို လုပ်နေရပေမဲ့ မိဘ ကို ကျေဇူးဆပ်ခွင့်ရလို့ ပျော်ပါတယ်။ မိဘကို ကျေးဇူးဆပ်ခွင့် ရမယ် ဆိုရင် ဘယ်နေရာ ရောက်ရောက်။ ဘာဘဲ လုပ်လုပ်။ ဖုန်းကလေး နေတတ်အောင် နေနေပါတယ်။ ဖုန်းကလေး မှာ My ချစ်သူရဲ့ ကျေးဇူးကြောင့် သခင့်စကား အယ်ဒီတာနဲ့ အခြားသော ညီအစ်ကို မောင်နှမ များရဲ့ သက်သေခံချက်တွေကိုလဲ ဖတ်ရတယ်။ ကျေးဇူးတော်ပေါ့။ ဖုန်းကလေး အား မငယ်ရအောင် ကျမ်းချက်လေးတွေ၊ အားပေး နှစ်သိမ့်စကားပြောတဲ့ My ချစ်သူရဲ့ စေတနာတွေဟာ ဖုန်းကလေး အတွက် အလင်းတန်းလေး တစ်ခုပေါ့။ တစ်လ နှစ်ခါ ဆရာတော်ရဲ့ တရားကို ကြားနာခွင့်ရတာကလဲ ကျေးဇူးတော်ပါဘဲ။ တစ်လ နှစ်ခါ ဘုရားကျောင်း သွားခွင့်ရတဲ့ အခွင့်အရေးလေး မဆုံးရှုံးရအောင် အချိန်မီ အိမ်ကို ပြန်လာရ တာလဲ အမောပါဘဲ။ အသွားအပြန် ခြေလှမ်း မတူပါ။ အသွား လေးလံ။ အပြန် ပေ့ါပါး။ ဖုန်းကလေး ခံစားမြော်လင့်ခြင်းများ ရရှိ ကောင်းကြီး ငြိမ်သက်ခြင်းများ အပြည့်ပေါ့။ အိမ်မှာ အကူ အနေနဲ့ လုပ်ရတာ သိမ်ငယ်သလို ခံစားရပေမဲ့ အိမ် အလုပ်လုပ်ရတာ ဝါသနာ ပါပါတယ်။ အိမ်အလုပ်က အဆူအဆဲခံရ။ အထင်မြင် သေးခံရ။ ယုန်ထင် ကြောင်ထင် ခံရ။ အားငယ် ရတာပေ့ါ။ အဲဒီလို ခံရတိုင်း အပြုံးပန်းလေးတစ်ပွင့်နဲ့ ဖုန်းကလေး တုန့်ပြန် နေကျပေါ့။ အရမ်းတန်ဖိုးရှိတဲ့ အပြုံးလေးပေါ့။ ဖုန်းကလေးရဲ့ စိတ်အားငယ်မှု ဂမ်းနည်း မှုတွေကို ငြိမ်သက်မှုရအောင် ဆုတောင်းအားကူပေး၊ နှစ်သိမ့် သမ္မာ ကျမ်းစကားလေး တွေ တာဝန်မပျက် မေတ္တာရှေ့ထားပြီး ပို့ပေးနေတဲ့ My ချစ်သူကို God bless you ပါ။ ကျေးဇူးကမ္ဘာ My ချစ်သူ။ ။ ဖုန်းကလေး



-----------------------------------------------------------------------------

## အာဒံထဲ၌ (အန်ဒရူး)

"အကြောင်းမူကား၊ တယောက်သောသူသည် နားမထောင်သောအားဖြင့်၊ လူအပေါင်းတို့သည် အပြစ်ရောက်သည် နည်းတူ၊...." (ရော၊ ၅း၁၉)

**အဘယ်ကြောင့် အာဒံအတွက် ကျွန်ုပ်တို့ ပူပန်သင့်ပါသနည်း။** အာဒံ သည် လူသား မျိုးနွယ်၏ ဦးစီးခေါင်းဆောင် ဖြစ်၏။ အာဒံသည် အခြား သောလူ အားလုံးနှင့်ခြားနားခြင်းမှာ သူသည် အဦးဆုံးသောသူဖြစ်ခြင်းနှင့် လူသား မျိုးနွယ် အားလုံး၏ အစအရင်းခံ ဖြစ်၏။ အာဒံသည် လူသား မိသားစု၏ ဦးစီးခေါင်းဆောင် ဖြစ်ခြင်းကြောင့် သူ၌ ဖြစ်ပျက်မှုသည် လူသား မိသားစု အားလုံအပေါ် အကျိုး သက်ရောက် ခဲ့ပြီ၊ သင်နှင့်ကျွန်ုပ်အပေါ်၌လည်း အကျိုး သက်ရောက်ခဲ့၏။ ဘုရားသခင်သည် ကမ္ဘာကို လူများနှင့်ပြည့်စေရန် လူ သန်းပေါင်း များစွာနှင့် မဖန်ဆင်းခဲ့ပါ။ သူသည် လူဖြစ်သော အာဒံ တစ်ဦးတည်းကိုသာလျှင် ဖန်ဆင်းခဲ့၏။ ဤလူတယောက် အားဖြင့် အသက်ရှင်သော လူသား အားလုံး ဆင်းသက်လာခြင်းဖြစ်၏။ သို့ဖြစ်၍ ဘုရားသခင်သည် လူသားမျိုးနွယ် အားလုံးကို အာဒံထဲ၌ ရှိနေကြသော လူသားများ အဖြစ်သာ မြင်တော်မူသည်။

**ကျွန်ုပ်တို့ မည်ကဲ့သို့ အာဒံထဲသို့ ရောက်ရှိခဲ့ကြသနည်း။** မွေးဘွားလာခြင်းဖြင့် ဖြစ်သည်။ လူသားမိသားစု ထဲသို့ မွေးလာခြင်းဖြင့် ရောက်ရှိလာသော လူသားအားလုံးသည် အာဒံထဲ၌ ရှိကြသည်။

**အာဒံထဲ၌ရှိနေခြင်းသည် မည်သည့် အဓိပ္ပါယ် ရှိပါသနည်း။** အာဒံထဲ၌ ရှိခြင်း၏ အဓိပ္ပါယ်မှာ အာဒံ၌ဖြစ်ခဲ့သောအရာနှင့် သူ ပြုခဲ့သော အရာ အားလုံးကို ဝေမျှခံစားဖို့ရန်ဖြစ်သည်။ အာဒံထဲ ရှိသောသူတိုင်း၌ အမှန် ဖြစ်သော သေချာ သော အကြောင်းအရာများ ရှိသည်။ ထိုအကြောင်းအရာ ငါးချက်မှာ-

၁) သူသည် ဘုရားသခင်၏အသက်နှင့် အဆက်ပြတ်လျက်ရှိသည်။ ၂) သူသည် မှောင်မိုက် နိုင်ငံ ထဲ၌ရှိသည်။ ၃) သူသည် အပြစ်သား ဖြစ်သည်။ ၄) သူသည် အပြစ်တန်ခိုး အောက်၌ ရှိသည်။ ၅) သူသည် သေပြစ်ကိုခံရန် စီရင်ခြင်းကို ခံထားရသည်။

**၁။ အာဒံ၏အပြစ်သည် လူသားများကို ဘုရားသခင်၏အသက်နှင့် အဆက်ပြတ်စေခဲ့၏။**

အပြစ်သည် ဘုရားသခင်နှင့် အဆက်ပြတ်စေသည်။ အာဒံ အပြစ်ပြုခြင်းကြောင့် သူသည် ဘုရားသခင်၏ အသက်နှင့် အဆက် ပြတ်ခဲ့ရ၏။ ဘုရားသခင်၏ အသက်နှင့် အဆက်ပြတ်ခြင်းသည် ဝိညာဉ်ရေးရာသေခြင်းဖြစ်သည်။ "... စားသော နေ့တွင် ဧကန် အမှန် သေရ မည်ဟု လူကိုပညတ်ထားတော်မူ၏"ဟုဆို၏။(က၊ ၂း၁၇) အာဒံအပြစ်၏ ရလဒ်မှာ ဝိညာဉ်ရေးရာ သေခြင်းဖြစ်ပြီး၊ သူကိုယ်တိုင် အတွက်သာလျှင် မဟုတ်ပါ။ လူသား မျိုးနွယ် အားလုံး အပေါ် သို့လည်း သက်ရောက်ခဲ့သည်။ လူအားလုံးသည် ဘုရား သခင်၏ အသက်နှင့် အဆက်ပြတ်ခြင်းသို့ ရောက်ရ ကြ၏။ အဘယ်ကြောင့် နည်း။ လူသား အားလုံး သည် အာဒံထဲ၌ ရှိသောကြောင့်ဖြစ်သည်။

**၂။ အာဒံ၏အပြစ်သည် လူသားမျိုးနွယ် အားလုံးကို မှောင်မိုက်နိုင်ငံထဲသို့ ပို့ဆောင်ခဲ့၏။**

အာဒံသည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ချိန်မှစ၍ အဦးဆုံး ပုန်ကန်သူ စာတန်နှင့် အတူနေရန် ပူးပေါင်းပါဝင်ခဲ့၏။ သူ သည် စာတန် အုပ်စိုးသော အမှောင်နိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့၏။ သို့ဖြစ်၍ အာဒံသည် စာတန်၏တန်ခိုးအောက်သို့ ရောက်ရှိခဲ့၏။ အာဒံသည် လူသား မျိုးနွယ်၏ ဦးစီးခေါင်းဆောင် ဖြစ်သောကြောင့် လူသားမျိုးနွယ်အားလုံးကို မှောင်မိုက် နိုင်ငံထဲသို့ ပို့ဆောင်ခဲ့၏။

**၃။ အာဒံ၏အပြစ် အကျိုးဆက်သည်လည်း အပြစ်သား မျိုးနွယ်ထဲ၌ သက်ရောက်ခဲ့၏။**

ဘုရားသခင် ဖန်ဆင်းခဲ့သော အာဒံသည် ဘုရားသခင်ကို ဗဟိုပြုသော လူတစ်ဦးဖြစ်၏။ သူသည် ဘုရားသခင်ကို ချစ် ခြင်းနှင့် ဘုရားသခင်၏အလိုကိုသာဆောင်ရန် အလိုရှိ၏။ ဘုရားသခင်သည် သူ့စိတ်နလုံးပလ္လင်အပေါ် ဘုရင်ဖြစ်တော်မူ၏။ အာဒံအပြစ်ပြုပြီးနောက် သူ့နှလုံထဲ၌ ပြောင်းလဲခြင်းသည် နေရာယူခဲ့၏။ ဘုရားသခင်ကိုချစ်ခြင်းနှင့် ဘုရား၏အလိုကို လုပ်ဆောင်ရန် လုပ်ရမည့်အစား ယခု အာဒံသည် သူ့ကိုယ်သူသာချစ်ပြီး၊ သူ၏ အလိုကို သာလျှင် လုဆောင်ရန် ပြုလိုသည်။ ဘုရားသခင်သည် သူ၏ နလုံးသား တွင် ဘုရင်အဖြစ် အုပ်စိုးခြင်း မရှိတော့ပါ။ ယခု အာဒံ၌ အပြစ်ဇီဇသဘော ရှိနေပြီ ဖြစ်၏။ အာဒံသည် သူ၏အပြစ်ဖြစ်သော အတ္တ အုပ်စိုးသော အသက်တာ သဘောကို သူ၏သားသမီးများသို့ လက်ဆင့် ကမ်းခဲ့၏။ ကျမ်းစာ၌ အာဒံသည် "မိမိပုံသဏ္ဍာန်နှင့် တသဏ္ဍာန်တည်းသော သားကိုမြင်ရ၍..."ဟုဆို၏။ အာဒံသည် ဘုရားသခင်၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခံရ၏၊ သို့သော်လည်း သူသည် မိမိ၌ အပြစ်ရှိသော ပုံသဏ္ဍာန်နှင့်တသဏ္ဍာန်တည်းသော သားများကို သာလျှင် မွေးဘွားစေခဲ့၏။ ကမ္ဘာဦးကျမ်း အခန်းကြီး (၄)တွင် ကာဣနသည် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြောင်းတွေ့ရသည်။ သူသည် ဘုရားသခင်က သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဘုရားသခင်ကို ကိုးကွယ်ခြင်းအမှုကိုပြုရန် ငြင်းပယ်ခဲ့၏။ သူ၏နည်းလမ်း အတိုင်း ဘုရားသခင်ကို ကိုး ကွယ်ခြင်းကိုသာပြုလုပ်ရန် သူသည် အလိုရှိ၏။ နောက်တွင် မိမိ၏ညီကို သတ်ခြင်းဖြင့် ကာဣနသည် သူ၏အပြစ်သဘောကို ထင်ရှားစေခဲ့၏။ သို့သော်လည်း အာဒံ အပြစ်၏အကျိုးဆက်သည် သူ၏သားသမီးများ၌ မရပ်တန့်ခဲ့ပါ။ အာဒံသည် လူသားမိသားစု အားလုံးတို့၏ ဦးစီးခေါင်းဆောင် ဖြစ်သောကြောင့် သူ၏အပြစ်ဇီဇသဘောကို လူသားမျိုးနွယ် အားလုံးသို့ လက်ဆင့်ကမ်း အမွေပေးခဲ့၏။ အာဒံ၏ နားမထောင်ခြင်း အကျိုးဆက်သည် အပြစ်သား လူသားမျိုးနွယ်ကို ဖြစ်ပေါ်စေ၏။ ကျမ်းစာက"အကြောင်းမူကား တယောက်သော သူသည် နားမထောင်သော အားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည်နည်းတူ၊...."ဟုဆိုသည်။(ရော၊ ၅း၁၉)

**၄။ အာဒံ၏အပြစ်သည် လူသား အားလုံးတို့ကို စာတန်၏တန်ခိုးအောက်သို့ ပို့ဆောင်ခဲ့၏။**

လူသားအားလုံးသည် အပြစ်သားများ ဖြစ်သောကြောင့် သူတို့သည် အပြစ်တန်ခိုး၏ အောက်၌ ရှိသည်။ ကျမ်းစာက"ဒုစ ရိုက်ကို ပြုသမျှသောသူတို့သည် ဒုစရိုက်၏ကျွန်ဖြစ်ကြ၏။"ဟုဆို၏။(ယော၊ ၈း၃၄) မှောင်မိုက်နိုင်ငံ၌ အပြစ်သည် ဘုရင်အဖြစ် အုပ်စိုးပြီး၊ ဤနိုင်ငံ၌ ရှိကြသော လူ အားလုံးသည် အပြစ်တန်ခိုး၏အောက် ၌ ရှိကြသည်။

**၅။ အာဒံ၏အပြစ်သည် သေခြင်းနှင့်တရားစီရင်းကို လူသားမျိုးနွယ်အားလုံး အပေါ်သို့ ယူဆောင်လာခဲ့၏။** တယောက်သောသူ အာဒံအားဖြင့် အပြစ်သည် ဤလောကထဲသို့ ဝင်လာပြီး၊ အကျိုးဆက်အနေဖြင့် သေခြင်းတရား ဝင် လာခဲ့၏။ ကျမ်းစာက "ဤအကြောင်းအရာ ဟူမူကား၊ အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ် တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိ သောကြောင့် သေခြင်းသို့ရောက်ရကြ၏။"ဟုဆို၏။ (ရော၊ ၅း၁၂)



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၆ ဧပြီလ ၂၀၁၁ ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန်သတ် ထုတ်ဝေသည်။

**သေခြင်းပြီးနောက် တရားစီရင်ခြင်းခံရမည်** သေပြီးနောက် တရားစီရင်ခြင်းကို ခံရမည်။ ကယ်တင် ခြင်းသို့ မရောက်သောသူတိုင်း သူတို့အပြစ်များအတွက် တရား စီရင်ခြင်းကို ခံကြရ လိမ့်မည်။ ကျမ်းစာက"လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင် တော်မူခြင်းကို ခံရသကဲ့သို့"ဟု ဆို ၏။(ဟေဗြဲ၊ ၉း၂၇) အာဒံ၌ရှိသော လူသားတိုင်း ဘုရားသခင်၏ ရှေ့တော်မှောက်တွင် အပြစ်ရှိကြသည်။ လူအချို့သည် မိမိတို့ရှိသည့် အတိုင်း ဘုရားသခင် က လက်ခံလိမ့်မည်ဟု ယူဆနေကြသော်လည်း သို့သော် ဘုရား သခင် က အခြားတနည်း ဆိုခဲ့သည်။ သူသည် လူသားများ ၏စိတ်နလုံးကို သိတော်မူပြီ၊ အာဒံမျိုးနွယ်နှင့်စပ်လျှင်း၍ ဘုရားသခင်က ကျမ်းစာ၌ဆိုသည်မှာ "ဖြောင့်မတ်သောသူမရှိ၊ တယောက် မျှမရှိ၊ နားလည်သော သူမရှိ၊ ဘုရားသခင်ကို ရှာသောသူ မရှိ။-လူအပေါင်း တို့သည် လမ်းလွှဲကြပြီ။ တညီ တညွတ်တည်း အသုံးမရ သောသူ ဖြစ်ကြပြီ၊ ကောင်းသော အကျင့်ကို ကျင့်သောသူ မရှိ တယောက်မျှမရှိ။-အဘယ်ကြောင့်နည်း ဟူမူကား၊ လူ အပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေပျက်ကြပြီ။"ဟုဆိုသည်။(ရော၊ ၃း၁၀-၁၂,၂၃) ယခု ကျမ်းစာ၌" ယေရှုက သင်သည် ဒုတိယမွေးခြင်းကို ခံရမည်ဟု ငါ ဟောပြောသည်ကို အံ့သြခြင်း မရှိနှင့်"ဟုဆို၏။ လူတိုင်း ဒုတိယမွေးခြင်းကိုခံရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။ အကြောင်းမှာ လူတိုင်းသည် ဘုရားသခင်၏တရားစီရင်ခြင်း အောက် ခံထားရသော အပြစ်သားမျိုးနွယ်ထဲသို့ မွေးခြင်းအားဖြင့် ဝင်ရောက်လာခဲ့ကြသောကြောင့် ဖြစ်သည်။

**အာဒံထဲ၌ရှိနေကြသော လူတိုင်း၏အနေအထားကို တဖန်ပြန်၍ ကြည့်မြင်ကြပါစို့။**

၁) သူသည် ဘုရားသခင်၏အသက်နှင့် အဆက်ပြတ်လျက်ရှိသည်။ ၂) သူသည် မှောင်မိုက်နိုင်ငံထဲ၌ ရှိသည်။ ၃) သူသည် အပြစ်သား ဖြစ်သည်။ ၄) သူသည် အပြစ်တန်ခိုးအောက်၌ ရှိသည်။ ၅) သူသည် သေပြစ်ကိုခံရန် တရားစီရင်ခြင်းကို ခံထားရပြီ ဖြစ်သည်။

သို့ဖြစ်၍ "လူသည် အပြစ်၌ လုံးဝပကတိ ပျက်စီးခြင်းသို့ ရောက်ခဲ့ပြီ"ဟု ကျွန်ုပ်တို့ နားလည်ရသည်။ အာဒံမျိုးနွယ်၌ ရှိနေကြသော လူသားတိုင်း အပြစ်စီရင်ခြင်းကို ခံထားရပြီ ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားရမည်။ အာဒံမျိုးနွယ်မှ ထွက်မြောက်ရန် ကျွန်ုပ် တို့ မတတ်နိုင် ပါ။ ကောင်းမှုပြုခြင်း၊ ဘာသာရေးသမားဖြစ်ခြင်း၊ ဘုရားကျောင်းတွင် အဖွဲ့ဝင်ခြင်း၊ ဤအရာကဲ့သို့သောအရာ မည်သည့် အရာ လုပ်ဆောင်ခြင်း တခုကမျှသည် ကျွန်ုပ်တို့ကို အာဒံမျိုးနွယ်မှထွက်မြောက်ရန် မတတ်စွမ်းနိုင်ပါ။ အာဒံ၏ပျက်စီးခဲ့သော မျိုးနွယ်ကို ကယ်တင်ရန် ဘုရားသခင်သည် တစုံသောအရာကို ပြုလုပ်ရပေလိမ့်မည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကယ်တင်ရန် ဘာတခုကိုမျှ မတတ်နိုင်ပါ။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သောကြောင့် သူသည် အံ့ဘွယ်သော အကြောင်းအရာအချို့ကို ပြုလုပ်ခဲ့၏။ သူသည် သူ၏တပါးတည်းသော သားတော်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင် ဖြစ်စေရန် ဤလောကသို့ စေလွှတ်ခဲ့၏။ (၁ယော၊ ၄း၁၄) သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ်၌ အ သေသတ်ခြင်းကိုခံခဲ့၏။ သူသည် လူသား အားလုံး၏ အပြစ်များအတွက် ခံယူခဲ့၏။ ကျမ်းစာက "ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့(ယေရှုခရစ်) အပေါ်၌ တင်တော်မူ၏" ဟု ဆိုသည်။(ဟေရှာ၊ ၅၃း၆) ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ် များကို လစ်လျူရှုခြင်းကို မပြုပါ။ သို့သော် သူသည် အပြစ် များအတွက် သွန်းတော် မူခဲ့သော သားတော်၏အသွေးတော်ကို မြင်တော်မူသောကြောင့် ထိုအပြစ်များကို အပြစ် ခွင့်လွှတ်ခဲ့ခြင်း ဖြစ်သည်။ သခင်ယေရှုသည် သူ၏ အသေခံခြင်းနှင့် ရှင်ပြန် ထမြောက် ခြင်းအားဖြင့် လူသားများကို အာဒံ၏ အပြစ်သားမျိုးနွယ်မှ ထွက်မြောက် ခြင်းသို့ ရောက်ရန် နှင့် ဘုရားသခင်၏မိသားစုဝင် ဖြစ်ခြင်းအခွင့်ကို ပြန်လည်ရရှိနိုင်ရန် ပြုလုပ်ပေးခဲ့ပြီး ဖြစ်သည်။ သခင်ယေရှုကို ယုံကြည်သောအားဖြင့် လူသည် တဖန် ဒုတိယမွေးခြင်းကို ပြန် လည် ရရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဘုရားသခင်၏ ကယ်တင်ခြင်းသည် ပုဂ္ဂိုလ် တစ်ဦး ဖြစ်သော သခင်ယေရှုခရစ်တော်၌သာလျှင် ဖြစ်သည်။ ကျမ်းစာ၌ "အကြောင်းမူကား၊ တယောက် သော သူ(အာဒံ)သည် နားမထောင် သောအားဖြင့်၊ လူအပေါင်းတို့သည် အပြစ်ရောက် သည် နည်းတူ၊ တယောက်သော သူ (သခင်ယေရှု) သည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏"ဟုဆိုသည်။ (ရော၊ ၅း၁၉)။ ॥ **အန်ဒရူး**

---



## မှန် *(မင်းအောင်သက်လွင်)*

နာဂစ် မုန်တိုင်း မြန်မာပြည်ကို တိုက်ခတ် ဖျက်ဆီးသွား ပြီးတဲ့ နောက်မှာ ကျွန်တော် ပါဝင်တဲ့ စင်ကာပူက မြန်မာ တိုင်းရင်းသား ခရစ်ယာန်များ က သဘာဝဘေး ဒုက္ခသည်တွေကို အခမဲ့ ဆေးဝါး ကုသပေးဖို့ ဧရာဝတီတိုင်းကို ခရီးထွက်ခဲ့ပါတယ်။ ကျွန်တော်တို့ အဖွဲ့သား တွေထဲမှာ စင်ကာပူ နိုင်ငံသား မြန်မာလူမျိုး တစ်ယောက် ပါလာ တယ်။ သူက စင်ကာပူ စတိုင် သန့်သန့်ပြန့်ပြန့် နေထိုင်သူ ဖြစ်ပါတယ်။ မြန်မာပြည် လေဆိပ်ကို ရောက်ပြီး ချက်ခြင်း ညနေပိုင်းမှာ တစ်ဖွဲ့လုံး ညသင်္ဘောနဲ့ ဘိုကလေး မြို့ကို မနားတမ်း ခရီးထွက် လာခဲ့ကြ ပါတယ်။ တစ်ညလုံး သင်္ဘော ခုတ်မောင်း ပြီးလို့ နောက် တစ်နေ့ မနက်မှာ ဘိုကလေးမြို့ကို ရောက် ပါတယ်။ ဘိုကလေးမှာ နာရီပိုင်း လေးဘဲ နားပြီး ကပ်သမျှင် ကျေးရွာကို စက်လှေ လေးနာရီ ခရီး ထပ်စီးရပြန်ပါတယ်။ နောက် တစ်နေ့ နေ့လည်မှာ ကပ်သမျှင်ကို ရောက်ပြီး ခနနား၊ ပြီးတာနဲ့ ဆေးစတင် ကုသ ရပါတယ်။ နီးစပ်ရာက ရွာတွေကို အခမဲ့ ဆေးကုပေးကြောင်း ကြေငြာလိုက်တဲ့အခါမှာ ရွာနီး ချုပ်စပ်က လူနာ သုံးးရာ ဝန်းကျင်လောက် ဆေးလာ ကုကြပါတယ်။ စေတနာရှင် ဆေးကုအဖွဲ့က ဆရာ ဝန်၊ ဆရာမ ၊ အကူတွေ အားလုံး လက် မလည်အောင် အလုပ်များကြပါတယ်။ ညနေ နေဝင်မှ ဆေးခန်း အတင်း ပိတ်ပြီး ရေမိုးချိုး ညစာ စားကြရပါတယ်။ အဲဒီအချိန်မှာ စင်ကာပူ နိုင်ငံသား မြန်မာလူမျိုးက စကားတစ်ခွန်း ပြောပါတယ်။ ကျွန်တော် မြန်မာပြည် ရောက်တာ ၂ရက် ရှိပြီ။ အခုထိ မှန် မကြည့်ရသေးဘူး။ ကိုယ့်ကိုယ်ကို ပြန် မကြည့်ဖြစ်တာ ၂ ရက် တိတိ ရှိသွားပြီ။ ကိုယ့်မျက်နှာ ဘယ်လို နေမှန်း မသိလို့ မနေတတ်ဘူးလို့ ပြောပါတယ်။ ဟုတ်ပါ တယ်။ စင်ကာပူမှာက နေရာ တိုင်း လိုလိုမှာ မှန်ကြည့်လို့ ရပါတယ်။ ဓါတ်လှေကား ထဲမှာလဲ မှန်၊ ရှော့ပင်းစင်တာ တွေထဲမှာလဲ မှန်၊ ရထား ဘူတာရုံတိုင်းမှာ၊ လမ်းဆုံ ကားဂိတ်တိုင်းမှာ အများသုံး အိမ်သာ ရှိပြီး အိမ်သာထဲမှာ ကြည့်မှန် တပ်ထားတဲ့ အတွက် ကိုယ့်မျက်နှာ ရုပ်အင်္ဂါကို တစ်နေ့ကို လေး ငါး ခေါက်လောက် ကြည့်ဖြစ်ကြပါတယ်။ အဲဒီလို နိုင်ငံက လာတဲ့ သူက အခုလို သဘာဝဘေး ဒုက္ခသည် တွေနေတဲ့ ရွာထဲ ရောက်လာပြီး လူမှုဝန်ထမ်း လုပ်ရတာဟာဖြင့် ကိုယ့်ကိုယ်ကို အလှပြင်ဖို့ အချိန် မပေးအား၊ မပေးသင့်ပါဘူး။ မှန် ဆိုတာက အလှကုန်လို့ သတ်မှတ်ထားတဲ့ အရာဝတ္တု ဖြစ်တာမို့ ဒီဒေသမှာ တကူးတက ဘယ်သူမှ မှန်တသသ မကြည့်ဖြစ်တာမို့ ကိုယ့် မျက်နှာကိုယ် အမြဲတမ်း အကဲခတ်ချင်သူအတွက် တော်တော့ ကိုကသိ ကအောက်နိုင်လှပါတယ်။ တကယ်တော့ မှန် ဆိုတာဟာ အလှ ကြည့်ရုံ သက်သက် မဟုတ်ပါ။ ကိုယ်ခန္ဓာပေါ်က အပြစ် အနာအဆာကို စစ်ဆေး ရှာဖွေခြင်းလဲ ဖြစ်ပါတယ်။ မှန်ပေါ်က မျက်နှာဟာ ဘယ်လို အနေအထား ဖြစ်နေသလဲဆိုတာ မပြတ်ကြည့်ရှုစစ်ဆေးဖို့လိုသလို ကိုယ်ခန္ဓာ ကရော ဝတ်စားဆင်ယင်မှုနဲ့ လိုက်ဖက်မှု ရှိ မရှိ ဆိုတာကို စစ်ဆေးဖို့လိုအပ်ပါတယ်။

ကိုယ့်မျက်နှာကို မမေ့ဖို့ လိုပါတယ်၊ ကိုယ့်မျက်နှာကို ကိုယ်မေ့တဲ့ သူဟာ သူများ မျက်နှာပေါ်က အပြစ်အနာတွေကို တွေ့တတ်ပါတယ်။ အပြစ်တွေ့လာရင်လဲ ကဲ့ရဲ့ချင်၊ အပြစ်တင် ချင်၊ ဝေဖန်ချင်လာတာဟာလဲ လူ့သဘောပါဘဲ။ ယာကုပ် ၁း၂၂-၂၄ ကိုယ်ကိုယ်ကို လှည့်ဖြား၍ နှုတ်ကပါတ် တရားကို မကျင့်ဘဲနာရုံမျှသာ ပြုသောသူ မည်သည်ကား မှန်၌ မိမိ ပကတိ မျက်နှာကို ကြည့်သောသူနှင့်တူ၏၊ – – မိမိ အဆင်းသဏ္ဍာန်ကို ချက်ခြင်း မေ့လျော့တတ်၏။ စင်ကာပူ နိုင်ငံသားက မှန်ကို တသသ ကြည့်ချင် သလို ကျွန်တော်တို့ လဲ နှုတ်ကပါတ်တော်တည်းဟူသော မှန်ကို မပြတ်ကြည့်ဖို့ လိုပါတယ်။ ထိုမှသာ အားနည်းချို့ယွင်းနေတဲ့ မိမိတို့ရဲ့ ဝိညာဉ်ရေး ရာကို ပြန်လည်ပြုပြင် နိုင်မှာဖြစ်ပါကြောင်း ရေးသား တင်ဆက်လိုက်ရတယ်။ ॥ **မင်းအောင်သက်လွင်**

---

## ရေ၏ပြောင်းလဲခြင်း   မင်းအောင်သက်လွင်

ဓမ္မသစ်ကျမ်းထဲမှာ သခင်ယေရှုက ရေကို စပျစ်ရည် ဖြစ်အောင်လုပ်တာ အံ့သြစရာ နိမိတ်လက္ခဏာဘဲ။ အခုခေတ် တို့ဆီကတော့ စပျစ်ရည် (အရက်) ကို ရေ ဖြစ်အောင် လုပ်တဲ့ နေရာမှာ တော်တော် တော်တယ်ဟေ့။ သောက်နေတာ အလုံး နှစ်ဆယ် ရှိပြီ ခုထိ မမူးသေးဘူး။ ဖူး - - ခလူး - ခလူး --- ॥






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076 E-mail; min_atl @ yahoo.com.sg
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်